# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၅)ရက် ၊ ကြာသပတေးနေ့ ၊ (29-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၆ ဦး၊ အုပ်ချုပ်သူသုံးဦး၊ ဆေးအကူ နှစ်ဦး စုစုပေါင်း ၆၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

## မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး(Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၁/၂၀၂၄**

၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာစစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) မိုးမိတ်မြို့နယ်
(ခ) မဘိမ်းမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသောအခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး

ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်လုပ်ငန်းဖြစ်သည့်အပြင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သောကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်များကို စနစ်တကျမွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်သည်။ ယနေ့ခေတ်စီးပွားရေးကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် ဂရုတစိုက်နှင့်ဝန်ဆောင်မှုကောင်းသော ခရီးစဉ်ကိုသာ ဦးစားပေးရွေးချယ်လေ့ရှိသည့်အတွက် အရည်အချင်းရှိပြီး ကျွမ်းကျင်သည့်ဝန်ထမ်းများရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ ကောင်းမွန်သောရလဒ်ကို ရရှိနိုင်မည်ဖြစ်သည်။

ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကိုတည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေးနည်းလမ်းများနှင့် ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အအုံများဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် လိုအပ်ပေသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံစီးပွားရေး ဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းစသည့်အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သော မီးခိုးမထွက် စက်ရုံတစ်ရုံဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် ဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် သဘာဝတရားကြီးက ပေးထားသော အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်မြေအောက် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည်။ အဆိုပါသဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့်ခရီးသွားဆွဲဆောင်မှုများအဖြစ်ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် အခြေခံပညာကျောင်းများ၏ ကျောင်းတွင်းစစ်စာမေးပွဲများအားလုံးနီးပါးဖြေဆိုပြီး၍ နွေရာသီကျောင်းပိတ်ရက်ရှည် ကာလသို့ စတင်ရောက်ရှိလာပြီဖြစ်သည်။ ထိုပိတ်ရက်တွင် ခရီးသွားလည်ပတ်မှုများ စတင်တော့မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မိမိတို့ဒေသနှင့်ပတ်ဝန်းကျင် မျက်စိပသာဒရှိစေရေး စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းလှပရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ခရီးသွားအသင်းအဖွဲ့များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအားလုံး အတူတကွဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၄ သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့



**မန္တလေး ဖေဖော်ဝါရီ ၂၈**

၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၄ သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်မှုသည် ၂၀၂၂ ခုနှစ်က ပြည်တွင်းခရီးသွား ၁၂ သိန်းကျော်နှင့် ပြည်ပခရီးသွား ၁၂၅၅၄၈ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းခရီးသွား၂၁ သိန်းကျော်နှင့် ပြည်ပခရီးသွားဝင်ရောက်မှုသည် ၃၁၅၂၇၇ ဦးရှိခဲ့ရာ စုစုပေါင်း ခရီးသွားဧည့်သည် ၂၄ သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း၊ ယခုနှစ်အစပိုင်းတွင်လည်း ခရီးသွားဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသွား ၁၈၉၈၂၃ ဦး၊ ပြည်ပခရီးသွား ၂၇၉၆၁ ဦး စုစုပေါင်း ခရီးသွားဧည့်သည် ၂၁၇၇၈၄ ဦးရှိနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်စိုးထံမှ သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုဟာ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်ကို နှိုင်းယှဉ်ကြည့်တဲ့အခါ ၂၀၂၃ ခုနှစ်မှာ ဝင်ရောက်မှုတိုးတက်လာတာကိုတွေ့ရပါတယ်။ ဒီနှစ် နှစ်စမှာတော့ ခရီးသွားဝင်ရောက်မှုအနေနဲ့ ပြည်တွင်း၊ ပြည်ပခ ရီးသွားဧည့်သည် ဦးရေ ၂၁၀၀၀၀ ကျော်ရှိနေပါပြီ။ မန္တလေးတိုင်းဒေသကြီးဟာ ပြည်တွင်း၊ ပြည်ပခရီး သွားတွေရဲ့ လူကြိုက်များတဲ့ခရီးစဉ်တစ်ခုပါ။ ခရီးသွားဝင်ရောက်မှုအနေအထားကို ကြည့်မယ်ဆိုရင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာနေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်စိုးက ပြောပြသည်။

အဆိုပါ ခရီးသွားများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာသည့်အလျောက် ရောက်ရှိလာသည့်ခရီးသွားဧည့်သည်နှင့် ကိုက်ညီမှုရှိသော ခရီးစဉ်ဒေသများဖြစ်ပေါ်စေရန်အတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်း လုပ်ဆောင်လျက်ရှိပြီး စနစ်တကျ စီမံခန့်ခွဲနိုင်မှုပေါ်မူတည်၍ ခရီးသွားလုပ်ငန်းမှ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းမှုကိုလည်း အမှန်တကယ်ရရှိစေနိုင်ကြောင်းလည်း သိရသည်။

(၁၈၅)

# မန္တလေး ဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေး ဈေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးထံမှ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့်သကြားကိုပြည်ပနိုင်ငံဖြစ်သည့်တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှကုန်သည်များ သကြားဝယ်ယူမှု ပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း သကြားဝယ်လိုအား များပြားလာခြင်းကြောင့် သကြားများအရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"ပြည်တွင်းမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ သကြားတွေကို အခုလတ်တလောမှာတရုတ်နိုင်ငံက ဈေးကောင်းပေးပြီးဝယ်ယူမှုတွေရှိပါတယ်။ ပြည်တွင်းမန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာ ရှိနေပါတယ်။ သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန်နည်းပါးသွားတာမျိုးတွေတော့ မရှိပါဘူး။ နောက်ပိုင်းဒီထက်ပိုပြီး သကြားအဝယ်ထပ်ကောင်းလာရင်တော့ သကြားလက်ကျန်ကမန္တလေးဈေးကွက်ထဲ ရှားသွားနိုင်ပါတယ်" ဟု သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ သကြားပေါက်ဈေးအရ တစ်ပိဿာလျှင်ငွေကျပ် ၃၉၈၀ ခန့်ထိပေါက်ဈေးရှိပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါမျိုးစေ့ ထုတ်စိုက်ပျိုးသည့် တောင်သူများကို ငွေကျပ်သန်း ၂၀ ကျော်ထုတ်ချေးပြီးဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၂၀ ကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ပျိုးသော မြို့နယ်များရှိ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း၊ ထိုသို့ ချေးငွေများ ထုတ်ချေးပေးရာတွင် ၂၀၂၃ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ချေးပေးခဲ့ရာ ယနေ့ထိ တောင်သူ ၂၆ ဦးကို ငွေကျပ် သန်း ၂၀ ကျော်ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"ဒီဘဏ္ဍာနှစ်မှာ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ပျိုးတဲ့ တောင်သူတွေကို ချေးငွေထုတ်ချေးပေးခဲ့ပါတယ်။ ဒီချေးငွေအစီအစဉ်က တစ်နိုင်ငံလုံးအနေနဲ့ ချေးပေးခဲ့တာပါ။ အဲဒီလိုချေးပေးခဲ့ရာမှာ တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်းနဲ့ ချေးပေးတာပါ။ ဝါအတွက် ချေးငွေတွေ ထုတ်ချေးပေးနေတာဆိုရင် စိုက်ပျိုးသီးနှံတွေအောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်တွေရရှိစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီ ဆောင်ရွက်ပေးတာပါ"ဟု မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ချည်မျှင်ရှည်ဝါသီးနှံကို မိုးကြိုမိုး၊ မိုးနှောင်းဟူ၍ စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ တိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ပျိုးသည့် မြို့နယ်များမှာ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ ညောင်ဦး၊ ပုသိမ်ကြီးနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓမ္မရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းခတ်မြို့နယ် ကျိုင်းပင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းခတ် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်ခရိုင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝမ်ခုတ်ကျေးရွာအုပ်စု ကျိုင်းပင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကော်မတီဝင်များနှင့်အတူ ကျိုင်းပင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကျိုင်းပင်းကျေးရွာ၌ အရှည် ပေ ၃၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၁၂၅ သိန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ ဦးရှာလီက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဦးညွန့်သန်းနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးနိုလွင်တို့က လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၉၆၅၈၆ ဧက ရိတ်သိမ်းပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၉၆၅၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၉၆၅၈၆ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၀ ဒသမ ၅၄ တင်းထွက်ရှိကြောင်း သိရသည်။

"ရေဦးခရိုင်မှာ မိုးစပါး ၂၉၆၅၈၆ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းလဲကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ဖို့ အသိပညာပေးတာ၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် မိုးစပါး ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၈၁၆၆၂ ဧက၊ တန့်ဆည်မြို့နယ်တွင် ၉၃၃၄၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၂၁၅၇၇ ဧက စုစုပေါင်း ၂၉၆၅၈၆ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက်ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်၊စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# သရက်မြို့နယ် မီးသွေးဖုတ်(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးသွေးဖုတ်(တောင်)ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈၆ သိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မီးသွေးဖုတ်(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မီးသွေးဖုတ်(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ငွေကျပ် ၄၈၆ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စင်မာ**

# ဘိုကလေးမြို့နယ် ဂရမ်းရွာသစ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘိုကလေး ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ဂရမ်းကျေးရွာအုပ်စု ဂရမ်းရွာသစ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂရမ်းရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**



# ပုဂံရာဇဝင်ကျမ်းများကို ခြေရာခံခြင်း (၃)

ဗိုလ်ရှိတ်(ရတနာပူရ)

❖ ပုဂံရာဇဝင်ကို ကျမ်းပြုဆရာကိုယ်တိုင်က အမည်နှစ်မျိုးသုံးထားသည်ကိုတွေ့ရသည်။ ကျမ်းပြုဆရာသုံးနှုန်းထားသော အမည်နှစ်မျိုးမှာ (၁)အရိမဒ္ဒနာပေါက္ကံရာမပြည်ကြီးအတ္ထုပ္ပတ္တိ၊ (၂)ရာဇဝံသကထာကျမ်းဟူ၍ ဖြစ်သည်။ ပေကူးဆရာကမူ ပုဂံရာဇဝင်တစ်တွဲကူးပြီးသည့်အခါတွင် "ပုဂံရာဇဝင်ကိုရေး၍ ပြီးပြည့်စုံသည်"ဟူ၍ ကျမ်းအမည်ရေးသားထားသည်။ ဤမှာ ပုဂံရာဇဝင်ပေမူတွင်တွေ့ရသည့် ကျမ်းအမည်များဖြစ်သည်။ ကျမ်းအမည်သုံးမျိုးစလုံးပင် နှစ်သက်ရာခေါ်ဆိုနိုင်ပေသည်။ ရိုးရိုးရှင်းရှင်းဖြင့် ခေါ်ဝေါ်လိုလျှင် ပုဂံရာဇဝင်ဟူသောအမည်က ပို၍ကောင်းပေသည်။ ❖

**ပုဂံရာဇဝင်ဟောင်း သက္ကရာဇ် ၉၀၀ ကျော်ရေး**

ဤပုဂံရာဇဝင်ဟောင်းရှိကြောင်းကို သိရသည်မှာ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)၏ ကျေးဇူးကြောင့်ဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးပထမတွဲတွင်ပါရှိသော ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)၏ "ရာဇဝင်သုတေသနမဟာနိဒါန်း"တွင် ပုဂံရာဇဝင်ဟောင်းအကြောင်းကို "မြန်မာသက္ကရာဇ် ၉၀၀ ကျော်ခန့်က ရေးသားသည်ဟု ခန့်မှန်းရသော၊ ကျမ်းပြုဆရာ၏အမည်ကိုလည်း အသေအချာမသိရသော ပုဂံရာဇဝင်ဟောင်းတစ်ခုရှိသည်။ သင်တွဲ၊ တကောင်း၊ သရေခေတ္တရာ၊ ဗျာဒိတ်ပိုင်းများဖြင့် ရာဇဝင်ဖွင့်သည်။ မြန်မာအစ တကောင်းက သဘောမျိုးမရေးဘဲ မြန်မာအစ သရေခေတ္တရာက သဘောမျိုး သရေခေတ္တရာတည်ထောင်ပုံ၊ ယင်းကိုတည်ထောင်သောမင်း ဒွတ္တဘောင်၊ မဟာသမ္ဘဝ၊ စူဠာသမ္ဘဝတို့အကြောင်းကစ၍ ရာဇဝင်ဖွင့်သည်"ဟူ၍ ဖော်ပြထားသည်။ ဆရာကြီး၏ ဖော်ပြထားချက်အရ ပုဂံရာဇဝင်ဟောင်းသည် သက္ကရာဇ် ၉၀၀ ကျော်ကရေးဟု ခန့်မှန်းထားသောကြောင့် ပုဂံရာဇဝင်ကျမ်းသည် ညောင်ရမ်းခေတ်တွင် ပြုစုခဲ့သောကျမ်းဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ ရာဇဝင်ကျမ်းတွင်ပါသည့် သရေခေတ္တရာတည်ထောင်ပုံ၊ ဒွတ္တဘောင်မင်း၊ မဟာသမ္ဘဝ၊ စူဠာသမ္ဘဝတို့အကြောင်းကို စာမြည်းထုတ်ပြခဲ့သောကြောင့် ပုဂံရာဇဝင်ဟောင်းပေမူကို ဆရာကြီးပိုင်ဆိုင်ခဲ့သည်မှာ သေချာပေသည်။ သက္ကရာဇ် ၉၀၀ ကျော်ကရေးသည်ဟု ဆိုထားခြင်းကြောင့် မြန်မာရာဇဝင်ကျမ်းများတွင် အပြည့်စုံဆုံးဖြစ်သည့် ဦးကုလား၏မဟာရာဇဝင်ကြီးထက်ပင် များစွာစောပေသည်။

ထိုပုဂံရာဇဝင်ဟောင်းသာ ပုံနှိပ်ထုတ်ဝေခဲ့ပါက မြန်မာ့သမိုင်းအတွက် များစွာအထောက်အပံ့ရမည်ဖြစ်သည်။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယခုအခါ ထိုပုဂံရာဇဝင်ဟောင်းကို ရှာဖွေ၍မတွေ့တော့ပေ။ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)လည်း ကွယ်လွန်သွားပြီဖြစ်သောကြောင့် ပုဂံရာဇဝင်ဟောင်းပေမူကို ရှာဖွေရန်လမ်းစပျောက်ခဲ့ပြီဖြစ်သည်။ ဆရာကြီးထံမှ စာပေအမွေများဆက်ခံခဲ့သူတစ်ဦးဦးက ပုဂံရာဇဝင်ဟောင်းပေမူလက်ဝယ်ရှိလျှင် ဖော်ထုတ်တင်ပြသင့်သည်။ ပုဂံရာဇဝင်ဟောင်းပေမူသည် ဦးကုလားမဟာရာဇဝင်ကြီးထက်စောသော ညောင်ရမ်းခေတ်ဦးပေမူဖြစ်ခြင်း၊ ရှားပါးလှသည့် ပုဂံရာဇဝင်အကြောင်းရေးထားသည့်ပေမူဖြစ်ခြင်းတို့ကြောင့် မြန်မာ့သမိုင်းအတွက် တန်ဖိုးကြီးလှသောပေမူဖြစ်သည်။ ထို့ကြောင့် ပုဂံရာဇဝင်ဟောင်းပေမူရှိသူများ နိုင်ငံနှင့်လူမျိုးအတွက် ဖော်ထုတ်သင့်ပါသည်။

**ပုဂံရာဇဝင်ဟောင်း–သက္ကရာဇ် ၁၁၅၃ ခု ဗဒုံမင်းလက်ထက်ရေး**

ပုဂံရာဇဝင်ဟောင်းဟူသောအမည်ဖြင့် ရာဇဝင်တစ်စောင်ရှိပြန်ပါသည်။ ဤပုဂံရာဇဝင်ဟောင်းရှိကြောင်း သိရသည်မှာ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အသျှင်နန္ဒဝံသပြုစုသော ပုဂံမြို့ ရွှေစည်းခုံသမိုင်းသစ်ကျမ်းနှင့် အာနန္ဒာသမိုင်းသစ်ကျမ်းတွင် ဆရာတော်ကြီးက ပုဂံရာဇဝင်ဟောင်းကို ကိုးကား၍ ရေးသားခဲ့သည်။ ကိုးကားရာတွင် "သက္ကရာဇ် ၁၁၅၉ ခုနှစ် အမည်မထင်ရှားသောဆရာရေးအပ်သော ပုဂံရာဇဝင်ဟောင်း"ဟူ၍ ရေးသားသည့်ခုနှစ်နှင့်တကွ ကိုးကားဖော်ပြခဲ့သည်။ ထို့ကြောင့် ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၅၉ ခုနှစ်ရေး ပုဂံရာဇဝင်ဟောင်းပေမူကို လက်ဝယ်ရရှိကိုးကားခဲ့သည်မှာ သေချာပေသည်။

ဘိုးတော်ဗဒုံမင်းလက်ထက်တွင် တွင်းသင်းတိုက်ဝန်ဦးထွန်းညိုက မဟာရာဇဝင်သစ်ကို ရေးသားခဲ့သည်။ မဟာရာဇဝင်သစ်မှာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ်၌ ရေးသားခဲ့ခြင်းဖြစ်သည်။ ပုဂံရာဇဝင်ဟောင်းပေမူသည် သက္ကရာဇ် ၁၁၅၉ ခုနှစ်၌ ရေးသားပြုစုခဲ့သည်ဟု ဆိုထားသောကြောင့် ဦးထွန်းညို၏ မဟာရာဇဝင်သစ်ထက်တစ်နှစ်စောပေသည်။ သို့သော် ယခုအခါ ဆရာတော်ကြီးကိုးကားခဲ့သော ပုဂံရာဇဝင်ဟောင်းကိုရှာဖွေ၍ မတွေ့ရတော့ပါ။ ဆရာတော်ကြီးသည် ပုဂံမြို့ ရွှေစည်းခုံသမိုင်းသစ်ကျမ်းနှင့် အာနန္ဒာသမိုင်းသစ်ကျမ်းကို ၁၉၂၉ ခုနှစ်တွင် ပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ်နှင့်အလှမ်းမဝေးလှသေးသဖြင့် ထိုပုဂံရာဇဝင်ဟောင်းပေမူရလိုရငြား ညောင်ဦးမဟာဝိသုတာရာမတိုက်သို့ ပုဂံမြို့ဟောင်းမှ မိတ်ဆွေတစ်ဦး၏အကူအညီဖြင့် မေးမြန်းရှာဖွေခဲ့သည်။ သို့သော် ပေမှာ လမ်းစပျောက်ခဲ့ပြီဖြစ်သည်။ နှမြောဖွယ်ကောင်းလှပေသည်။

**ပုဂံရာဇဝင်–သက္ကရာဇ် ၁၁၉၅ ခု ဘကြီးတော်လက်ထက်ရေး**

ပုဂံရာဇဝင်ပေမူသည် ၁၀ကြောင်းရေး မျဉ်းနီပေဖြစ်သည်။ က အစ ဏူ အဆုံး ၁၄ အင်္ဂါနှင့်ခြောက်ချပ်ရှိသည်။ ပေမူမှာ လက်ရေးလက်သားကောင်းမွန်သလို အကျိုးအပဲ့အပြစ်အနာအဆာလည်း မပါပေ။ ပုဂံရာဇဝင်ရေးသားပြုစုပြီးသောနှစ်ကို ကျမ်းပြုဆရာက ကျမ်းပြီးနိဂုံးတွင် "ရာဇဝံသကထာ၊ သညာပညတ်၊ သမိုက်မှတ်သည်၊ ကျမ်းမြတ်ကြက်သရေ၊ မြန်တိုင်းခြေ၌၊ လေကြေလေညာ၊ ယူဇနာဟု၊ တရာတိုင်အောင်၊ ရန့်ဆောင်သား၊ ရွှေတောင်ဂန္ဓာ၊ မြကူဟာတွင်၊ သူဇာသမ္မာ၊ ပျိုးယုယသည်၊ သကမဥ္စာ၊ ပန်းအတူလျှင်၊ နတ်လူနှစ်လို့၊ ရှိစေဘို့ကို၊ အောင်မြို့မင်္ဂလာ၊ ပြီးသည်မှာကား၊ သက္ကရာဇ၊ သဟဿနှင့်၊ သတသချာ၊ နဝါပဥ္စ၊ ကောဇာကြတွင်၊ ဝဿဥတု၊ တောတောင်နု၍၊ ရှုဘွယ်သာလှ၊ ပစ္စန္တတို့၊ ရွှန်းကြမိုးစည်၊ ဆော်နိုးသည်ကြောင့်၊ ဤမည်လောကဓာတ်၊ ကောင်းကင်လတ်မှ၊ တိမ်ထပ်တိမ်တောင်၊ ညိုမှောင်နီရင့်၊ လျှပ်ပန်းဆင့်နှင့်၊ သံရင့်ကျေူး ကြားနာသူတို့၊ သည်းအူဆွတ်ကြွေ၊ ရှိလေစေဟု၊ ထွေထွေဆန်းပြား၊ မိုးနတ်သားလျှင်၊ ပျော်ပါးမျှူးခုံ၊ မာသတုံလည်၊ နယုံဝေါဟာ၊ စန္ဒရာလဉ်၊ ဆန်းသာထွန်း၍၊ ဝန်းသည့်နေ့မှ၊ စေ့စေ့မှုံစွာ၊ အဿာသမုတ်၊ ဆုတ်ခဲ့ဆက်ဆက်၊ ဆယ်နှစ်ရက်တွင်၊ နေစက်ရဲရဲ၊ တက်ဆဲသစ်သစ်၊ နှစ်သည်ဆယ်လီ၊ ခွက်နရီ၌၊ လျှော်ချီဗဟို၊ တမောင်းပိုက၊ အလိုပြည့်ပြည့်၊ ပြီးကုံ၏ရှင့်၊ အောင်သည်ရက်မြတ်၊ တံဆိပ်ခပ်သည်၊ ပွင့်ချပ်ကြာနှယ် လန်းလန်းတည်း"ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ကြောင့် ပုဂံရာဇဝင်ရေးသားပြုစုပြီးသောနှစ်မှာ သက္ကရာဇ် ၁၁၉၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက် (၁၈၃၃ ခုနှစ် ဇွန် ၁၄ ရက်)ဖြစ်ကြောင်း သိရပေသည်။

ပေကူးနှစ်ကိုလည်း "သက္ကရာဇ် ၁၂၆၃ ခု၊ တပေါင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ ၃ နာရီခွဲ (သုံးနာရီခွဲ)အချိန်တွင် ပုဂံရာဇဝင်ကို ရေးကူး၍ပြီးအောင်မြင်သည်"ဟူ၍ ရေးထားသောကြောင့် သက္ကရာဇ် ၁၂၆၃ ခုနှစ် တပေါင်းလဆန်း ၃ ရက် အင်္ဂါနေ့(၁၉၀၂ ခုနှစ် မတ် ၁၁ရက်)တွင် ရေးကူး၍ပြီးသောပေဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဤပေသည် ကျမ်းရေးသားပြုစုပြီး ၆၈ နှစ်ကြာမှ ရေးကူးပြီးခဲ့သောပေဖြစ်ကြောင်း သိရသည်။

**ကျမ်းပြုရခြင်းရည်ရွယ်ချက်**

ပုဂံရာဇဝင်ကို မည်သူရေးသားပြုစုခဲ့မှန်း မသိရပေ။ ကျမ်းတွင်း၌လည်း ကျမ်းပြုသူအမည်ကို ပြဆိုထားခြင်းမရှိသောကြောင့် ကျမ်းပြုသူကို သိရန်မလွယ်ကူပေ။ ကျမ်းပြုဆရာသည် ပုဂံရာဇဝင်ရေးသားပြုစုရခြင်း၏ရည်ရွယ်ချက်ကို ကျမ်းဦးနိဒါန်း၌ အောက်ပါအတိုင်း ဝန်ခံကတိပြုရေးသားထားသည်ကို တွေ့ရသည်။

"အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ် စသော အခွင့်ရေးရာအဖြာဖြာတို့၌ လိမ္မာသိမြင်၊ ဆင်ချင်ထောက်မျှော်၊ တွေးခေါ်နှိုင်းရှည်၊ သိစွမ်းနိုင်သော၊ နိဗ္ဗေဒိကပညာ၊ ဂမ္ဘီရပညာ၊ ပုထုပညာ ဤသို့ အစရှိသောပညာတို့ဖြင့် ပြည့်စုံသော၊ ရှေးရှေးသောဆရာတို့သည် ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာသောစီးပွားများမည်ကို မျှော်ခေါ်ထောက်ထား၍ အဓွန့်ရှည်စွာ နောင်လာဥဒါန်းဖြစ်စိန်သောငှာ မှတ်သားသိသာ မြန်မာအမူ ကျောက်သစ်ထုသို့ စေ့ငုသေချာမိန့်မှာ ရေးထားသော ရာဇဝင်ကျမ်း၊ ထုံးတမ်းပုံစံ၊ မှတ်ရန်မှတ်စုတို့ကို၊ ထုံးဟောင်းဝါသနာ၊ လေ့လာသမှု၊ ကြည့်ရှုမလေ့၊ သိသရွေ့တွင်၊ ရှေးရှေးသောဆရာတို့ နည်းနာနိဿယ၊ အာဘောဂကိုလည်း မပယ်ပစ်၊ အသစ်မဟုတ်သော စကားဟောင်းတွင်သာ လိုရာဖြည့်လောင်း၍ အကြောင်းဆိုင်ရာ သာသနာတော်၌လည်းကောင်း၊ သမ္မုတ္တိ၊ ဝိပ္ပတ္တိတို့၌လည်းကောင်း မတိမ်မမြုပ်၊ မငုတ်မကွယ်သည်ဖြစ်၍ လူမျိုးတို့ မှီခိုရာ ကမ္ဘာတန်ဆာသဖွယ်ဖြစ်သော ဗေဒင်ကျမ်း၊ လက္ခဏာကျမ်း၊ ဣတိဟာသကျမ်း၊ ကေတုပကျမ်း၊ နိဂဏ္ဍုကျမ်း၊ ဆန်းအလင်္ကာ၊ သဒ္ဒါ၊ နီတိ၊ ဝိတက်၊ ဗျာဂရိုဏ်းစသော အပြစ်မရှိသော လောကီအတတ်မျိုးတို့နှင့် ရှည်သောရာဇဝင်ကျမ်းကို နိဒါန်းဥပစ္စာ လင်္ကာစကားပြေ သက်သောဝတ္ထု၊ ဓာတ်တော်နုရင့်၊ အခွင့်လျှော်ရာ၊ တန်ဆာသဖွယ်၊ ဆန်းကျယ်ယည်ကျေးသော နည်းစုံကိုဝ် ညာဏ်မုံရင့်မာ မြိုဝ်းလေးဖြာတို့ မှတ်သားသိလွယ် နာဖွယ်ပျော်မွေ့အောင် ရေးပေအံ့။ ။

**ကျမ်းအမည်**

ပုဂံရာဇဝင်ကို ကျမ်းပြုဆရာကိုယ်တိုင်က အမည်နှစ်မျိုးသုံးထားသည်ကိုတွေ့ရသည်။ ကျမ်းပြုဆရာသုံးနှုန်းထားသော အမည်နှစ်မျိုးမှာ (၁) အရိမဒ္ဒနာပေါက္ကံရာမပြည်ကြီးအတ္ထုပ္ပတ္တိ၊ (၂) ရာဇဝံသကထာကျမ်းဟူ၍ဖြစ်သည်။ ပေကူးဆရာကမူ ပုဂံရာဇဝင်တစ်တွဲကူးပြီးသည့်အခါတွင် "ပုဂံရာဇဝင်ကို ရေး၍ပြီးပြည့်စုံသည်"ဟူ၍ ကျမ်းအမည်ရေးသားထားသည်။ ဤမှာ ပုဂံရာဇဝင်ပေမူတွင်တွေ့ရသည့် ကျမ်းအမည်များဖြစ်သည်။ ကျမ်းအမည်သုံးမျိုးစလုံးပင် နှစ်သက်ရာခေါ်ဆိုနိုင်ပေသည်။ ရိုးရိုးရှင်းရှင်းဖြင့် ခေါ်ဝေါ်လိုလျှင် ပုဂံရာဇဝင်ဟူသော အမည်က ပို၍ ကောင်းပေသည်။

**ပါဝင်သည့်အကြောင်းအရာများ**

ပုဂံရာဇဝင်သည် ပေအင်္ဂါများလှသော ရာဇဝင်ကျမ်းကြီးတစ်စောင်ဖြစ်သည်။ ပုဂံခေတ်တစ်ခေတ်တည်းကိုသာဗဟိုပြု၍ ရေးသားထားသော်လည်း ရာဇဝင်ကြောင်းကို ကျယ်ဝန်းစွာရေးသားထားသည်ကို တွေ့ရသည်။ ပုဂံရာဇဝင်ဟု အမည်ပေးထားသော်လည်း ပုဂံခေတ်မတိုင်မီ တကောင်း၊ သရေခေတ္တရာပြည်တို့၏ မင်းဆက်များ၊ ရာဇဝင်များကိုပါ ထည့်သွင်းရေးသားထားသည်။ တကောင်းမြို့ကို ပထမဆုံးတည်ထောင်ခဲ့သော ဇမ္ဗူဒီပဓဇမင်းလက်ထက်မှစ၍ ပုဂံမင်းဆက်များတွင် နောက်ဆုံးမင်းဆက်ဖြစ်သည့် စောမွန်နစ်မင်းလက်ထက်တိုင် ရေးသားထားသည်။

ကျမ်းပြုသူသည် ပုဂံရာဇဝင်ကို ရေးသားရာတွင် အတွဲငါးတွဲခွဲ၍ ပြုစုထားသည်ကို တွေ့ရသည်။ ပထမတွဲတွင် ဇမ္ဗူဒီပဓဇမင်း တကောင်းပြည်ကို စတင်တည်ထောင်သည်မှစ၍ သရေခေတ္တရာပြည်ကြီးပျက်စီးသည့်အခန်းထိ ရေးသားထားသည်။ ဒုတိယတွဲကို သရေခေတ္တရာပြည်ပျက်ပြီးနောက် ပျူနှင့်ကမ်းယံတို့ စေတီပုထိုးအပြိုင်တည်သည်မှစ၍ ပျူစောထီးမင်းလက်ထက်ထိ ရေးသားဖော်ပြထားသည်။ တတိယတွဲကို ပျူစောထီးမင်း သားတော် ထီးမင်းယဉ်လက်ထက်မှစ၍ အနော်ရထာမင်းနတ်ရွာစံသည်ထိ ရေးသား၍ထားသည်။ စတုတ္ထတွဲကို အနော်ရထာမင်း သားတော်စောလူးမင်းနန်းတက်သည်မှစ၍ အလောင်းစည်သူမင်းနတ်ရွာစံသည်ထိ ဖော်ပြ၍ထားသည်။ ပဥ္စမတွဲကို အလောင်းစည်သူမင်းကြီး နတ်ရွာစံသည်ဟုကြားလျှင် သားတော် မင်းရှင်စောသည် ထွန်တုံးပူတက်အရပ်မှ ပုဂံသို့ ဆင်လုံးမြင်းရင်းဖြင့် ချီရန်ပြင်ဆင်သည့်အခန်းမှစတင်၍ ပုဂံနောက်ဆုံးမင်းဆက်ဖြစ်သည့် စောမွန်နစ်မင်းလက်ထက်ထိ ရေးသားထားသည်။

**သုတေသနဆန်သောအရေးအသားများ**

ပုဂံရာဇဝင်တွင် သုတေသနဆန်သောအရေးအသားများကိုတွေ့ရသည်။ ကောသမ္ဗီပြည်သည် ယခုလယ်ကိုင်းမြို့နေရာဖြစ်သည်ဟု မုံရွေးဆရာတော်ကြီးပြုစုသော စေတီယကထာကျမ်းနှင့် အခြားရာဇဝင်ကြီးတို့၌ဖော်ပြသည်။ ပုဂံရာဇဝင်တွင်ကား ကောသမ္ဗီဟူသည် လယ်ကိုင်းအရပ်မဟုတ်ဟု သုတေသနပြုငြင်းဆိုထားသည်ကို အောက်ပါအတိုင်းတွေ့ရသည်။

"ပျူမင်းထီးလက်ထက် တရုပ်တို့က စစ်ပြုလာသောခါ တပ်ဦးကောသမ္ဗီသို့ဝ်ရောက်လေသည်ဟူရာ၌ မဇ္ဈိမာဒေသ တဆယ့်ခြောက်တိုင်း၏အဝင်ကောသမ္ဗီပြည်ကို မဆိုဝ်။ ထိုကောသမ္ဗီပြည်မှ တဦးသောသူသည် မိမိအမျိုးအဆွေ အနွယ်အဆက်တို့ဝ်နှင့်တကွ ထွက်ခဲ့၍ တည်ထောင်နေထိုင်သည်ကာလ လူအပေါင်းတို့ဝ်သည် ထိုရွာကို ရှေးနေဟောင်းဖြစ်သော ကောသမ္ဗီကိုစွဲ၍ ကောသမ္ဗီဟု ခေါ်ဝေါ်ကြကုန်၏။ ကာလရှည်၍ စကားရွေ့သဖြင့် ယက္ခု ရွာပုကြီးဟုတွင်သည်။ လယ်ကိုင်းမြို့ဝ်ကိုလည်း ကောသမ္ဗီခေါ်ဝေါ်၏။ လယ်ကိုင်းမြို့ဝ်သည် ပေါက္ကာရာမပြည်၏အနောက်တောင်ထောင့် သုမ်းရက်ခရီးကွာဝေးသည်ကိုထောက်လျှင် တရုပ်တို့တပ်ရောက်သော ကောသမ္ဗီဟုတ်မည်မထင်။ ရွာပုကြီးကို ကောသမ္ဗီဆိုဝ်သော ဝေါဟာရပညတ်ကိုဝ်သော်ကား ရာဇဝင်နှင့်ရှည်သောစာတမ်းတွင် တွေ့ဖူး၏။"

ပုဂံရာဇဝင်ကျမ်းပြုဆရာသည် အခြားရာဇဝင်ဆရာများနှင့်မတူ၊ ကောသမ္ဗီဆိုသည်မှာ လယ်ကိုင်းအရပ်မဟုတ်၊ ရွာပုကြီး ခေါ် အလ္လကပ္ပအရပ်သာ ကောသမ္ဗီဖြစ်သည်ဟုဆိုထားသည်ကို တွေ့ရမည်ဖြစ်သည်။ ရွာပုကြီးခေါ် အလ္လကပ္ပမှ ဒေသခံများသည် သူတို့ရွာ၏ရှေးအမည်မှာ ကောသမ္ဗီဖြစ်သည်ဟု ယခုတိုင် ပြောနေကြသည်ကိုတွေ့ရသည်။ ပုဂံရာဇဝင်ဆရာ၏အဆိုနှင့် ဒေသခံတို့၏စကား တစ်ထပ်တည်းကျသည်ဟု ဆိုရပေမည်။

ယခုအသစ်တွေ့သောပုဂံရာဇဝင်သည် ရှားပါး၍ တိမ်မြုပ်နေသော ရာဇဝင်တစ်စောင်ဖြစ်သည်။ ပုဂံရာဇဝင်တွင် ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီးတို့၌ အကျယ်မပါသည့် တကောင်းရာဇဝင်၊ သရေခေတ္တရာရာဇဝင်၊ ပုဂံရာဇဝင်တို့ကို အပြည့်စုံဆုံး ရေးသားထားသောကျမ်းဖြစ်သည်။ မြန်မာ့ခေတ်ဦးပိုင်းကာလကို လေ့လာရာတွင် များစွာအထောက်အကူပြုမည့်ကျမ်းဖြစ်သည်။ ပုဂံရာဇဝင်ကို ပုံနှိပ်မှုဖြင့် ထုတ်ဝေသင့်ပေသည်။ ယခု ပုဂံရာဇဝင်ကို ပုံနှိပ်ဖော်ပြခြင်းမပြုလုပ်နိုင်သေးမီ အမြွက်မျှသာ ရေးသားတင်ပြလိုက်ရပေသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့်အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကောင်းသောစိတ်

\- လောကဝယ် စိတ်နှစ်မျိုး
ရှိရိုးကွဲ့ သိထားသည်၊
ကုသိုလ်ဆင် မြတ်စိတ်ထား
ရိုးသားစိတ်မည်၊
မကောင်းအတွေး စိတ်မကြည်
ဖြစ်တည်လို့ မကောင်းစိတ်၊
မေတ္တာခြုံ ဓမ္မမိုးမှ
ကောင်းကျိုးယိုဖိတ်။

\- စိတ်စေရာ ခေါင်းမညိတ်မှ
ကိုယ့်အရိပ် လှပအစဉ်၊
လူ့စိတ်ကို အလိုလိုက်က
မှောင်မိုက်ဖို့ပြင်၊
ကောင်းသောစိတ်ဖြင့် အလှဆင်
ဘဝတွင်ဖြူစင်ခြင်း၊
အမှားတွေ သင်မလုပ်
ဂုဏ်ပုဒ်သန့်ရှင်း။

\- မနာလို ဝန်တိုကင်းလို့
အချင်းချင်းဖေးမကာ၊
စေတနာ ရှေ့တန်းပြု
ကောင်းမှုတွယ်တာ၊
မေတ္တာဖြင့် ရှင်သန်ပါ
အမြင်မှာ လွန်အေးချမ်း၊
အတ္တတွေ ဖယ်ကြဉ်ရှား
ရိုးသားလျှောက်လှမ်း။ ။

ချာန်လေး(ပညာရေး)

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၄၅ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။



တိုင်ထောင်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၄၂ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၇၄၂ ဧက စိုက်ပျိုးဖို့လျာထားပြီး ဒီနေ့ထိ ၁၇၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီဒေသက စိုက်ပျိုးရေလဲဖူလုံပြီး စိုက်ပျိုးမြေကလဲကောင်းမွန်တာကြောင့် စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ တောင်သူတွေက တစ်နှစ်ထက်တစ်နှစ် ဈေးကွက်ရှိတဲ့ဟင်းသီးဟင်းရွက်တွေကို ရွေးချယ်စိုက်ပျိုးလာကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကလဲ တောင်သူတွေကို ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ အစားအစာဘေးကင်းလုံခြုံပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ဆောင်ရွက်ပေးထားပါတယ်။ အဓိကစိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေက မုန်ညင်း၊ ဆလတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ၊ သခွားသီး၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်၊ ကန်စွန်းစတဲ့ သီးနှံတွေဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို စားသုံးသူပြည်သူများ အစားအစာဘေးကင်းလုံခြုံစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သဘာဝပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာထုတ်လုပ်သုံးစွဲရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဖျာပုံမြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖျာပုံ ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာတွင် တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ဘုရားကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဘုရားကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၅၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂၂ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သက်မာ

# ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟုမ္မလင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ခေါင်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ယုမေ၊ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရာဇာနှင့် တာဝန်ရှိသူများက ခေါင်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ခေါင်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၈၉ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက ပြောပြ၍ သိရသည်။

ချစ်ဦးကို

# နိုင်ငံတကာ သတင်းများ

## ၂၀၂၃ ခုနှစ်အတွင်း အီးယူနိုင်ငံများ၌ ဒုက္ခသည်ခိုလှုံခွင့် လျှောက်ထားမှုနှုန်း စံချိန်တင်မြင့်တက်လာ



**ဘာလင် ဖေဖော်ဝါရီ ၂၈**

၂၀၂၃ ခုနှစ်အတွင်း ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများ၌ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်လျှောက်ထားမှုနှုန်းမှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ခိုလှုံခွင့်လျှောက်ထားမှု၁ ဒသမ ၁၄ သန်းထိရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂနိုင်ငံများ၌ ၂၀၂၃ ခုနှစ်အတွင်း ဒုက္ခသည်အဖြစ်ခိုလှုံခွင့်လျှောက်ထားမှု အရေအတွက်သည် ၂၀၁၅-၂၀၁၆ ဥရောပလူဝင်မှု အကျပ်အတည်းကာလနောက်ပိုင်း အများဆုံးလျှောက်ထားမှုဖြစ်ခဲ့ရသည်။

ဥရောပသမဂ္ဂ ဒုက္ခသည်များကာကွယ်ရေးအေဂျင်စီက ယနေ့တွင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်အတွင်း ဥရောပသမဂ္ဂနိုင်ငံများ၌ ခိုလှုံခွင့်လျှောက်ထားသူများထဲတွင် ဆီးရီးယားနှင့် အာဖဂန်နစ္စတန် နိုင်ငံသားများ အရေအတွက်မှာ အများဆုံးဖြစ်ပြီး တူကီယဲနိုင်ငံသားများမှာ တတိယအများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစ္စရေး-ဟားမတ်စ် စစ်ပွဲစတင်ပြီးနောက် ဥရောပသမဂ္ဂနိုင်ငံများ၌ ဒုက္ခသည်အဖြစ်ခိုလှုံခွင့်လျှောက်ထားသူ ပါလက်စတိုင်းလူမျိုးအရေအတွက်မှာလည်းစံချိန်တင်မြင့်တက်လာခဲ့ပြီး ၁၁၆၀၀ထိရှိခဲ့ကြောင်း ဥရောပသမဂ္ဂဒုက္ခသည်များကာကွယ်ရေးအေဂျင်စီအစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့သော် အီးယူနိုင်ငံများအနေဖြင့် ပါလက်စတိုင်းကို နိုင်ငံအဖြစ်တရားဝင်သတ်မှတ်ထားမှုမရှိခြင်းကြောင့် အီးယူနိုင်ငံများ၌ခိုလှုံခွင့်တောင်းထားသူ ပါလက်စတိုင်းလူမျိုးအရေအတွက်ကို အတိအကျမှတ်တမ်းရယူရန် ခက်ခဲကြောင်း သိရသည်။

ဒုက္ခသည်ခိုလှုံခွင့်လျှောက်ထားသူအရေအတွက်သစ်ကြောင့် လူဝင်မှုပြဿနာနှင့်ပတ်သက်၍ အီးယူနိုင်ငံများကြား အချေအတင်ငြင်းခုံဆွေးနွေးမှုများ ပိုမိုအားကောင်းလာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မြောက်ကိုရီးယားရှိ သံရုံးများပြန်ဖွင့်ရန် ဥရောပနိုင်ငံများ စဉ်းစားနေ

**ဘာလင် ဖေဖော်ဝါရီ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးပြီးဆုံးခဲ့ပြီးနောက် ဥရောပနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၌ သံရုံးများ ပြန်လည်ဖွင့်လှစ်ရန် စဉ်းစားနေကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဂျာမနီဖက်ဒရယ် နိုင်ငံခြားရေးရုံးမှ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ရောက်ရှိနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးကာလအတွင်း ပြုံယမ်းမြို့ရှိဂျာမနီသံရုံးကို ပိတ်ထားခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြုံယမ်းမြို့သို့ ဂျာမနီအစိုးရကိုယ်စားလှယ်များ ရောက်ရှိနေကြခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျာမနီကိုယ်စားလှယ်များသည် ဂျာမနီသံရုံးနေရာကိုစစ်ဆေးနေကြောင်း ဂျာမနီအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့သော် သံရုံးပြန်လည်ဖွင့်လှစ်ရေးအတွက် အပြီးသတ်ဆုံးဖြတ်ချက်ကို ဂျာမနီအစိုးရက ချမှတ်ခြင်းမရှိသေးကြောင်း သိရသည်။

ဂျာမနီနိုင်ငံကဲ့သို့ပင် အခြားဥရောပနိုင်ငံများကလည်း ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်း ပိတ်ထားသည့်သံရုံးများကို ပြန်လည်ဖွင့်လှစ်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းသို့ မြေပြင်တပ်များစေလွှတ်မည်မဟုတ်ဟု အမေရိကန်နှင့် ဥရောပမဟာမိတ်များပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

ယူကရိန်းနိုင်ငံသို့ မြေပြင်တပ်များ စေလွှတ်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံနှင့် အဓိကဥရောပမဟာမိတ်နိုင်ငံများက ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းသို့ ဥရောပမဟာမိတ်များ၏ မြေပြင်တပ်များစေလွှတ်ရေးကိုထည့်သွင်းစဉ်းစားသင့်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားခဲ့ပြီးနောက် အမေရိကန်နှင့် ဥရောပမဟာမိတ်များ၏တုံ့ပြန်ချက်ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။



ယူကရိန်း၌ ရုရှားအောင်ပွဲခံမည့်အရေးကို တားဆီးရေးအတွက် ယူကရိန်းသို့မြေပြင်တပ်များစေလွှတ်ရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားထားသည်။

သို့သော် ပြင်သစ်သမ္မတ၏ အဆိုပါပြောကြားချက်ကို ရုရှားအစိုးရကဝေဖန်ထားပြီး ယူကရိန်းသို့ဥရောပတပ်များ စေလွှတ်ပါက ရုရှားနှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)တို့ကြားစစ်ရေးပဋိပက္ခတိုက်ရိုက်ဖြစ်ပွားလိမ့်မည်ဖြစ်ကြောင်း သတိပေးထားသည်။

ယူကရိန်းစစ်မြေပြင်သို့ မြေပြင်တပ်များစေလွှတ်မည်မဟုတ်ကြောင်း ဂျာမနီ၊ ဗြိတိန်၊ စပိန်၊ ပိုလန်နှင့် ချက်သမ္မတနိုင်ငံတို့က ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားထားသည်။

ထို့နည်းတူ အမေရိကန်နိုင်ငံအနေဖြင့်လည်း ယူကရိန်းသို့မြေပြင်တပ်များ လွှတ်မည်မဟုတ်ကြောင်း အိမ်ဖြူတော်က အတည်ပြုသတင်းထုတ်ပြန်ထားသည်။

Ref : Xinhua

Trs : KKO

## မာလီနိုင်ငံ၌ ဘတ်စကားတစ်စီးတံတားပေါ်မှထိုးကျမှုဖြစ်ပွား အနည်းဆုံး ၃၁ ဦးသေဆုံး၍ ၁၀ ဦးဒဏ်ရာရရှိ

**ဘာမာကို ဖေဖော်ဝါရီ ၂၈**

အနောက်အာဖရိကဒေသ မာလီနိုင်ငံ၌ ဖေဖော်ဝါရီ ၂၇ ရက်က ခရီးသည်တင် ဘတ်စကားတစ်စီး မြစ်ကူးတံတားပေါ်မှ ထိုးကျခဲ့ရာ အနည်းဆုံးလူပေါင်း ၃၁ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်ဘတ်စကားသည်ဘာကီနာဖာဆိုနိုင်ငံသို့ဦးတည်မောင်းနှင်နေစဉ် မြစ်ကူးတံတားပေါ်မှထိုးကျခဲ့ရခြင်းဖြစ်သည်။

မာလီနိုင်ငံ ဘာမာကိုမြို့တော်တောင်ဘက် ကိုမင်တိုနယ်မြေ၌ ဖြစ်ပွားခဲ့သော အဆိုပါယာဉ်မတော်တဆမှု၌ လူပေါင်း ၁၀ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း မာလီ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

မာလီနိုင်ငံ အများပြည်သူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်း၊တန်ပိုတင်ဆောင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ကုလသမဂ္ဂက ၂၀၂၃ ခုနှစ်တွင်ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အရ အာဖရိကတိုက်ရှိ မော်တော်ယာဉ်အရေအတွက်မှာ ကမ္ဘာတစ်ဝန်းမော်တော်ယာဉ်စုစုပေါင်း၏ နှစ်ရာခိုင်နှုန်းမျှသာရှိသည်။

သို့သော် ကမ္ဘာတစ်ဝန်းယာဉ်မတော်တဆမှုများကြောင့် သေဆုံးမှုစုစုပေါင်း၏ လေးပုံတစ်ပုံခန့်မှာ အာဖရိက၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## နိုင်ငံတစ်ဝန်းဆေးရုံများသို့ စစ်ဘက်ဆရာဝန်များစေလွှတ်ရန် တောင်ကိုရီးယားအစိုးရစီစဉ်ထား

**ဆိုးလ် ဖေဖော်ဝါရီ ၂၈**

အလုပ်သင်ဆရာဝန်များ အလုပ်ခွင်မှ ထွက်ခွာဆန္ဒပြနေချိန်တွင် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ စစ်ဆရာဝန်များနှင့်ရပ်ရွာအခြေပြု ဆရာဝန်များ အားဖြည့်စေလွှတ်ပေးရန်စီစဉ်ထားကြောင်းတောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒပ်ခ်ဆိုးက ယနေ့တွင် ပြောကြားခဲ့သည်။

အလုပ်သင်ဆရာဝန်များဆန္ဒပြနေချိန်တွင်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ထိန်းထားနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိဆေးရုံများသို့ စစ်ဆရာဝန်များစေလွှတ်ရန် တောင်ကိုရီးယားက စီစဉ်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရသည် ဆန္ဒပြ အလုပ်သင်ဆရာဝန်များကို ဖေဖော်ဝါရီလကုန်နောက်ဆုံးထား၍ အလုပ်ခွင်ပြန်ဝင်ရန် တိုက်တွန်းထားသည်။

တောင်ကိုရီးယား အစိုးရ၏ ဆေးကျောင်းဝင်ခွင့်ရကျောင်းသားအရေအတွက် မြှင့်တင်ရေးအစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် တောင်ကိုရီးယားအလုပ်သင်ဆရာဝန်များနှင့် ဆေးရုံအထိုင်ဆရာဝန်များက ဆန္ဒပြနေကြခြင်းဖြစ်သည်။

အစိုးရအနေဖြင့် ဆေးကျောင်းဝင်ခွင့်ရကျောင်းသားအရေအတွက်ကိုမြှင့်တင်မည့်အစား အလုပ်သင်ဆရာဝန်များ ရင်ဆိုင်နေရသည့် အလုပ်ခွင်ဖိအားများနှင့်လုပ်ခလစာပြဿနာများကို ဦးစားပေးဖြေရှင်းသင့်ကြောင်း ဆန္ဒပြဆရာဝန်များက ပြောကြားထားသည်။

အလုပ်သင်ဆရာဝန်များသပိတ်မှောက်နေမှုကြောင့်တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ ဆေးရုံများမှာ လူနာသစ်များကို ပြန်လွှတ်နေရပြီး ခွဲစိတ်ကုသမှု အစီအစဉ်များဖျက်သိမ်းနေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Crew-8 မစ်ရှင်အတွက် ဖယ်လ်ကွန်-၉ ဒုံးပျံနှင့် Crew Dragon အာကာသလူသယ်ယာဉ်တို့ကို ကနေဒီအာကာသစခန်းပစ်စင်အမှတ်-၃၉ အေသို့ ပို့ဆောင်ထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew-8 မစ်ရှင်အတွက် ဖယ်လ်ကွန်-၉ ဒုံးပျံနှင့် Crew Dragon အာကာသလူသယ်ယာဉ်တို့ကို ကနေဒီအာကာသစခန်းပစ်စင်အမှတ်-၃၉ အေသို့ ပို့ဆောင်ထားကြောင်း ဖေဖော်ဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew- 8 မစ်ရှင်အရ အမေရိကန်အာကာသယာဉ်မှူးသုံးဦးနှင့် ရုရှားအာကာသယာဉ်မှူးတစ်ဦးတို့ကို နိုင်ငံတကာအာကာသစခန်းသို့ စေလွှတ်မည်ဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew- 8 မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မတ် ၁ ရက်တွင် လွှတ်တင်မည်ဖြစ်သည်။

Crew-8 မစ်ရှင် အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိချိန်တွင် Crew-7 မစ်ရှင် အာကာသယာဉ်မှူးများထံမှ တာဝန်များလွှဲပြောင်းရယူမည်ဖြစ်သည်။

Crew-8 မစ်ရှင် အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်း၌ ခြောက်လကြာနေထိုင်မည်ဖြစ်သည်။

Crew-8 မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ရယူထားသော သဘောတူညီချက်အရ Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်မည့် ရှစ်ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်းမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**


## စူပါနိုဗာကြယ်ပေါက်ကွဲမှုမှ ကြွင်းကျန်ရစ်ခဲ့သည့် နျူထရွန်ကြယ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၆၀၀၀၀ အကွာတွင် ဖြစ်ပွားခဲ့သော စူပါနိုဗာကြယ်ပေါက်ကွဲမှုမှ ကြွင်းကျန်ရစ်ခဲ့သည့် နျူထရွန်ကြယ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

1487 အေ အမည်ရှိ အထက်ပါ စူပါနိုဗာကြယ်ပေါက်ကွဲမှု၏ အကြွင်းအကျန်နျူထရွန်ကြယ်ကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

1487 အေ စူပါနိုဗာကြယ်ပေါက်ကွဲမှုသည် ဒြပ်ထုအားဖြင့် နေထက် ရှစ်ဆမှ ၁၀ ဆထိရှိသည့် ကြယ်တစ်စင်းပြိုကွဲမှုကြောင့် ဖြစ်ပွားခဲ့သည့် စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်သည်။




သို့ရာတွင် 1487 အေ စူပါနိုဗာကြယ်ပေါက်ကွဲမှုကို ထုထဲသည့် အာကာသဖုန်မှုန့်တိမ်တိုက်များက ဖုံးကွယ်ထားမှုကြောင့် ၎င်းစူပါနိုဗာကြယ်ပေါက်ကွဲမှုတွင် မည်သည့်အရာများ ကျန်ရှိခဲ့သည်ကို မသိခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော သတင်းအချက်အလက်များအရ 1487 အေ စူပါနိုဗာကြယ်ပေါက်ကွဲမှုတွင် ကျန်ရစ်ခဲ့သော နျူထရွန်ကြယ်ကို မိမိတို့ တွေ့ရှိထားကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

စူပါနိုဗာကြယ်ပေါက်ကွဲမှုများသည် သက်ရှိများအတွက် လိုအပ်သည့် ကာဗွန်၊ အောက်ဆီဂျင်၊ ဆီလီကွန်နှင့် သံဓာတ်များပေါ်ထွက်ရာ အရင်းအမြစ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Intuitive Machines ကုမ္ပဏီမှ အိုဒက်ဆပ်လဆင်းယာဉ်၏ဘက်ထရီ စွမ်းအင်ကုန်ခန်းသွားနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

Intuitive Machines ကုမ္ပဏီမှ အိုဒက်ဆပ်လဆင်းယာဉ်၏ ဘက်ထရီသည် စွမ်းအင်ကုန်ခန်းသွားနိုင်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ်အနေဖြင့် ဘက်ထရီအားကုန်ဆုံး၍ ကမ္ဘာမြေနှင့် အဆက်အသွယ်ပြတ်တောက်နိုင်ကြောင်း Intuitive Machines ကုမ္ပဏီက ဖေဖော်ဝါရီ ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သော်လည်း အနေအထားမမှန်မှုကြောင့် ဘေးတစောင်းလဲကျလျက်ရှိသည်။

လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ပြီးချိန်တွင် ဘက်ထရီအားကုန်မှုကြောင့် မစ်ရှင်ပြီးဆုံးတော့မည့်အခြေအနေကို အိုဒက်ဆပ်လဆင်းယာဉ် ရင်ဆိုင်နေရခြင်းဖြစ်သည်။

သို့ရာတွင် အိုဒက်ဆပ်လဆင်းယာဉ်သည် ၁၉၇၂ ခုနှစ် နောက်ပိုင်း လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး အမေရိကန်လဆင်းယာဉ်ဖြစ်သည်။

ထို့ပြင် အိုဒက်ဆပ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး ပုဂ္ဂလိကလဆင်းယာဉ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဗီတာမင်ဘီ-၃ လွန်ကဲမှုကြောင့် နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၈**

Niacin ခေါ် ဗီတာမင်ဘီ-၃ ဓာတ်လွန်ကဲပါက နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကလီးဗလန်းဆေးသုတေသန အင်စတီကျုမှ သုတေသနပညာရှင်များ၏အဆိုအရ Niacin လွန်ကဲမှုကြောင့် ပေါ်ထွက်လာသည့် 4PY ခေါ် ဓာတုပစ္စည်းတစ်မျိုးနှင့် နှလုံးသွေးကြောရောဂါများကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

မိမိတို့၏တွေ့ရှိချက်အရ Niacin ဗီတာမင်ဘီ-၃ လွန်ကဲမှုသည် နှလုံးသွေးကြောရောဂါများ၏ နောက်ခံအကြောင်းတရားသစ်ဖြစ်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် နှလုံးလူနာ ၂၃၃၁ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Niacin ကို ကိုလက်စထရောမြင့်မားမှုလျှော့ချရေးဆေးတစ်မျိုးအဖြစ် သုံးခဲ့ကြသော်လည်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Niacin စားသုံးမှု လွန်ကဲပါက သွေးကြောများ ရောင်ရမ်းလာနိုင်ကြောင်း သိရသည်။

Niacin လွန်ကဲမှုကြောင့် 4PY ဓာတုဒြပ်ပေါင်းထွက်ပေါ်လာပြီး သွေးကြောများရောင်ရမ်းလာတတ်မှုကြောင့် နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အသင့်စားအစားအစာများနှင့် အဝလွန်မှုတို့ကြောင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၈**

အသင့်စားအစားအစာများ စားသုံးမှုနှင့် အဝလွန်မှုတို့ကြောင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် နှစ် ၂၀ အတွင်း အသက် ၅၀ အောက်ရှိသူများ၌ အူမကြီးကင်ဆာရောဂါဖြစ်ပွားမှု မြင့်တက်လာပြီး အများအပြားမှာ အူမကြီးစစ်ဆေးမှုမခံယူမီ ရောဂါစတင်ခံစားခဲ့ရသူများဖြစ်ကြသည်။

အူမကြီးကင်ဆာရောဂါသည် အသင့်စားအစားအစာများ အစားများသော၊ အဝလွန်နေသော သက်လတ်ပိုင်းအရွယ်များတွင် ဖြစ်နိုင်ခြေ မြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အူမကြီးကင်ဆာရောဂါ၏ အဓိကနောက်ခံအကြောင်းတရားများနှင့်ပတ်သက်၍ အများပြည်သူများကြား အသိနည်းနေသေးဆဲဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် သက်လတ်ပိုင်းများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော ဘဝနေထိုင်မှုပုံစံများကို ကျင့်သုံးပါက အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများ စားရန်၊ အဆီဓာတ်နှင့် အသားစားသုံးမှုလျှော့ချရန်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် များများ စားရန် သုတေသနပညာရှင်များက အကြံပြုထားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အက်ဖ်အေဖလားပြိုင်ပွဲတွင် တစ်ပွဲတည်းငါးဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် ဟာလန်းမှတ်တမ်းဝင်



**မန်ချက်စတာ ဖေဖော်ဝါရီ ၂၈**

လူတန်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့သည့် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွင် မန်စီးတီးအသင်းက လူတန်အသင်းကို ခြောက်ဂိုးနှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး တိုက်စစ်မှူးဟာလန်းက မန်စီးတီးအသင်းအတွက် သွင်းဂိုး ငါးဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ပွဲတည်း ငါးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အက်ဖ်အေဖလား သမိုင်းတွင် ၁၉၇၀ ပြည့်နှစ်က နော်သမ်တန်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းက ရှစ်ဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး အဆိုပါပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ဂျော့ဘက်စ်က အသင်းအတွက် သွင်းဂိုး ခြောက်ဂိုးသွင်းယူခဲ့ပြီးနောက်ပိုင်း တိုက်စစ်မှူးဟာလန်းက လူတန်အသင်းကို သွင်းဂိုး ငါးဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ပွဲတည်း ငါးဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူးအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခြေဖဝါးဒဏ်ရာရရှိခဲ့ပြီးနောက် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်းကစားခဲ့သည့်ပြိုင်ပွဲစုံတွင် သွင်းဂိုးသုံးဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ယခုပွဲစဉ်တွင် လူတန်အသင်းကို ပထမပိုင်းပွဲချိန်အတွင်း ဟက်ထရစ်ဂိုးနှင့် ဒုတိယပိုင်းတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူ၍ တစ်ပွဲတည်း ငါးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မန်စီးတီးအသင်းကို အက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် တိုက်စစ်မှူးဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လိုက်ပ်ဇစ်အသင်းကို ငါးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုအခါ ဒုတိယအကြိမ်မြောက် ငါးဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၈၃ ပွဲတွင် သွင်းဂိုး ၇၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဘရိုက်တန် တောင်ပံကစားသမား မီတိုမာ နောက်ကျောဒဏ်ရာကြောင့် ရာသီကုန်ထိအနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၈**

တောင်ပံကစားသမား မီတိုမာ အနေဖြင့် နောက်ကျောဒဏ်ရာကြောင့် အနည်းဆုံးသုံးလခန့်အနားယူရတော့မည်ဖြစ်သဖြင့် ဘောလုံးရာသီကုန်ထိ အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ဘရိုက်တန်အသင်းနည်းပြ ဒီဇာဘီက ထုတ်ပြန်ခဲ့သည်။

မီတိုမာသည် နည်းပြဒီဇာဘီလက်အောက်တွင် ပုံစံကောင်းရရှိလာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို ဥရောပယှဉ်ပြိုင်ခွင့်ရရှိအောင် အဓိကနေရာမှပါဝင်ကူညီနိုင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉ ပွဲကစားခဲ့ရာ သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကတည်းက ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူခဲ့ရသည်။

သို့သော် ဂျပန်လက်ရွေးစင်အသင်းက ၎င်းကိုအာရှဖလားပြိုင်ပွဲတွင်ရွေးချယ်ခဲ့ပြီး အသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် အီရန်အသင်းကိုရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် မီတိုမာသည် ဘရိုက်တန်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ချိန်တွင် နောက်ကျောဒဏ်ရာထပ်မံရရှိခဲ့ပြီး ယခုအခါ ၎င်း၏ ဒဏ်ရာအခြေအနေမှာ ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း နည်းပြဒီဇာဘီက ဝုဖ်အသင်းနှင့် ပွဲစဉ်မတိုင်မီ သတင်းစာရှင်းလင်းပွဲတွင်ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိ ဘရိုက်တန်အသင်းတွင် မီတိုမာအပါအဝင် တိုက်စစ်မှူး ဖာဂူဆန်နှင့် တိုက်စစ်မှူးဝဲလ်ဘက်တို့မှာ ဒဏ်ရာပြဿနာကြုံတွေ့နေပြီး ခံစစ်ကစားသမား ဗဲလ်မန်းသည်လည်း ဒဏ်ရာကြောင့် ဝုဖ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ဘဲ ကစားသမားကိုးဦးထိ အက်ဖ်အေဖလားပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြဒီဇာဘီကဆက်လက်ပြောကြားခဲ့သည်။

ဘရိုက်တန်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၆ ပွဲအပြီးတွင် ရမှတ် ၃၉ မှတ်ရရှိခဲ့ပြီး လာမည့် စနေနေ့တွင် အဆင့်(၁၂)မှဖူလ်ဟမ်အသင်းနှင့် အမှတ်ပေးပွဲစဉ်ကိုလည်းကောင်း၊ လာမည့် မတ် ၇ ရက်တွင် ရိုးမားအသင်းနှင့် ယူရိုပါလိဂ် ပထမအကျော့ပွဲစဉ်ကိုလည်းကောင်း ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# လာမည့်နွေရာသီတွင် ကစားသမား ၁၀ ဦးထိရောင်းချသွားရန် မန်ယူအသင်းပြင်ဆင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၈**

မန်ယူအသင်း၏ ပိုင်ရှင်သစ် ရက်ကလစ်ဖ်က အသင်းကို ပြန်လည်တည်ဆောက်ရန်အတွက် လာမည့်နွေရာသီတွင် အသင်းမှ ကစားသမား ၁၀ ဦးထိရောင်းချ၍ ကစားသမားများ၏ လုပ်ခလစာကို လျှော့ချနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပိုင်ရှင်သစ် ရက်ကလစ်ဖ်သည် လာမည့်နွေရာသီတွင် ကွင်းလယ် ကစားသမား ကက်စမဲရိုး၊ ဆန်ချို၊ ဂရင်းဝုဒ်၊ ဝမ်ဘစ်ဆာကာ၊ လင်ဒီလော့နှင့် အန်တိုနီတို့အပါအဝင် ကစားသမား ၁၀ ဦးထိရောင်းချရန် ပြင်ဆင်ခဲ့ပြီး အဆိုပါကစားသမား ရောင်းချမှုမှ စတာလင်ပေါင် သန်း ၁၇၀ ထိရရှိရန် မျှော်မှန်းထားကာ အသင်းကို ပြန်လည်တည်ဆောက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရက်ကလစ်ဖ်သည် အငှားချထားသည့် ဗန်ဒီဘိခ်၊ ပယ်လီစထရီ၊ ဟန်နီဘယ်၊ အယ်ဗာရီဖာနန်ဒက်စ်တို့နှင့် လာမည့်နွေရာသီတွင် သက်တမ်းကုန်ဆုံးမည့် ဗာရာနီ၊ အန်တိုနီမာရှယ်တို့ကိုလည်း သက်တမ်းတိုးရန်အစီအစဉ်မရှိတော့ဘဲ ဝင်ငွေထွက်ငွေ စည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန် အဆိုပါ ကစားသမားများကို လက်လွှတ်၍ လုပ်ခလစာလျှော့ချသွားရန် ဆုံးဖြတ်ထားပြီး ခံစစ်ကစားသမား အီဗန်၊ ဂိုးသမား တွန်ဟီတန်တို့ကို အလွတ်ပြောင်းရွှေ့ခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။




မန်ယူအသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့် ကစားသမားများကို ရောင်းချသွားမည်ဖြစ်ပြီး အထောင်တိုက်စစ်မှူး တစ်ဦး၊ ကွင်းလယ် တိုက်စစ်ကစားသမား တစ်ဦး၊ ဗဟိုခံစစ်ကစားသမား တစ်ဦးနှင့် ညာတောင်ပံခံစစ်ကစားသမားတစ်ဦး ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း ပိုင်ရှင်သစ် ရက်ကလစ်ဖ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းက တိုက်စစ်မှူးဂျီးဆပ်စ်၏ ဒဏ်ရာပြဿနာကြောင့် တိုက်စစ်မှူးတစ်ဦးထပ်မံခေါ်ယူရန်ဆုံးဖြတ်ထားပြီး တိုနေး၊ ဇက်ခ်ဇီးနှင့် ဂိုကာရက်စ်တို့ကို ပစ်မှတ်ထားနေကြောင်း သိရသည်။
- စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်တွင် ဆိုစီဒက်အသင်းကို ပင်နယ်တီအဆုံးအဖြတ် ငါးဂိုး လေးဂိုးဖြင့်အနိုင်ရခဲ့သည့် မာယော့ကာအသင်း ဗိုလ်လုပွဲစဉ်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။
- ကွာရာဘောင်းဖလားဗိုလ်လုပွဲစဉ်တွင် တိုက်စစ်မှူးအန်ကူကူ အနေဖြင့် ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် ရက်သတ္တသုံးပတ်ခန့်ထိ အနားယူရမည်ဖြစ်ကြောင်း နည်းပြပိုချက်တီနိုက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# Mexican Open တင်းနစ်ပြိုင်ပွဲ၌ နိုင်ခြေအဆင့်(၁) သတ်မှတ်ခံထားရသူ ဇီရက်ဗ် ပထမအဆင့်မှ ထွက်ခွာခဲ့ရ

**အကာပူလ်ကို ဖေဖော်ဝါရီ ၂၈**

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့တွင်ကျင်းပနေသည့် Mexican Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဗ်နှင့် နိုင်ငံတူကစားသမားတစ်ဦးပင်ဖြစ်သည့် အယ်လ်မိုင်ယာနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ အယ်လ်မိုင်ယာက (၆-၃ ၊ ၃-၆ ၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဗ်သည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားဖြစ်ပြီး ဗိုလ်စွဲရန် ရေပန်းစားခဲ့သော်လည်း အယ်လ်မိုင်ယာက ဇီရက်ဗ်ကိုအကောင်းဆုံး ဖိအားပေးကစားနိုင်ခဲ့ပြီး အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

ဇီရက်ဗ်သည် ပထမအဆင့်ပွဲစဉ်တွင် သေချာပေါက်အနိုင်ရရှိမည်ဟု ယုံကြည်မှုအပြည့်အဝရရှိထားသော်လည်း အယ်လ်မိုင်ယာ၏ ထင်မှတ်မထားသည့် စွမ်းဆောင်ရည်ကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ဇီရက်ဗ်နှင့် အယ်လ်မိုင်ယာတို့သည် တစ်နိုင်ငံတည်းသားများဖြစ်ကြသလို တစ်ယောက်အကြောင်း တစ်ယောက် ကောင်းမွန်စွာသိနေသည့်အတွက်ကြောင့်လည်း နှစ်ဦးစလုံး Game Plan ကို သေချာပြင်ဆင်ခဲ့ကြပြီး ဇီရက်ဗ်က ၎င်းပြင်ဆင်ခဲ့သည့် Game Plan သည် အလုပ်မဖြစ်ခဲ့ကြောင်း၊ အနိုင်ရမည်ဟု ယုံကြည်ထားသော်လည်း Game Plan အားနည်းချက်ကြောင့် ရှုံးနိမ့်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဇီရက်ဗ်က "အပွင့်လင်းဆုံးပြောရရင် ဒီပွဲစဉ်မှာ ကျွန်တော် သေချာပေါက် နိုင်လိမ့်မယ်လို့ ယုံကြည်ထားခဲ့တယ်။ အနိုင်ရဖို့အတွက်လဲ Game Plan ကို သေချာပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့် Game Plan တွေက အလုပ်မဖြစ်ခဲ့ဘူး။ အဆင့်ဆင့် ကစားရတဲ့ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ပထမအဆင့်မှာကတည်းက အကောင်းဆုံးကစားနိုင်ဖို့လိုအပ်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ (အမျိုးသား၊အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့်စနူကာ အားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် 9 Ball Women Double ပြိုင်ပွဲ၊ 9 Ball Men Double ပြိုင်ပွဲ၊ Snooker 15 Red ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Billiards Single ပြိုင်ပွဲ၊ Billiards Double ပြိုင်ပွဲ၊ Snooker 6 Red ပြိုင်ပွဲနှင့် 9 Ball Women Single ပြိုင်ပွဲ ပွဲစဉ်များကိုအသီးသီးယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Snooker 15 Red ပြိုင်ပွဲ၊ 9 Ball Pool Men Single ပြိုင်ပွဲ၊ 9 Ball Pool Women Double ပြိုင်ပွဲတို့ကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်များအဖြစ် Billiard Double Final ပြိုင်ပွဲ၊ 9 Ball Pool Men Double ပြိုင်ပွဲ၊9 Ball Pool Women Double ပြိုင်ပွဲ၊Snooker 15 Red ပြိုင်ပွဲတို့ကိုဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **STA**

# အိုင်ယာလန်အသင်းက နည်းပြသစ်အဖြစ် အိုရှေးကိုခန့်အပ်ရန် သဘောတူညီမှုရရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၈**

အိုင်ယာလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် အသင်းနည်းပြ ရာထူးအတွက် မန်ယူအသင်း ကစားသမားဟောင်း အိုရှေးကိုခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အိုင်ယာလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပြီးခဲ့သည့်ယူရိုပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် နယ်သာလန်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြကန်ဒီကိုရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၂ နှစ်ရှိ အိုရှေးသည် မန်ယူအသင်းတွင် ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိကစားခဲ့ကာ ဆုဖလားများစွာ ရယူနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်က ရီဒင်းအသင်းတွင် နောက်ဆုံးကစားပြီး ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်ကြောင်း သိရသည်။

အိုရှေးသည် ကစားသမားဘဝမှအနားယူခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်ကပင် ရီဒင်းအသင်းနည်းပြအဖြစ် ပရော်ဖက်ရှင်နယ်နည်းပြဘဝစတင်ဝင်ရောက်ခဲ့ပြီး စတုတ်စီးတီးအသင်း၊ ဘာမင်ဂမ်အသင်း၊ အိုင်ယာလန် လူငယ်အသင်း၊ အိုင်ယာလန်အသင်းလက်ထောက်နည်းပြအဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အိုင်ယာလန်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**




# ပြင်သစ်သမ္မတ မက်ခရွန်က တိုက်စစ်မှူးအမ်ဘက်ပီကို ပီအက်စ်ဂျီအသင်းမှ မပြောင်းရွှေ့ရန်စည်းရုံး

**ပဲရစ် ဖေဖော်ဝါရီ ၂၈**

ပြင်သစ်နိုင်ငံသမ္မတ အီမန်နျူရယ်မက်ခရွန်က ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် တိုက်စစ်မှူးအမ်ဘက်ပီကို အသင်းမှ မထွက်ခွာရန်အတွက် ညစာဖိတ်ကျွေးပြီး စည်းရုံးမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။


အမ်ဘက်ပီသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ထားသူဖြစ်သည်။

အမ်ဘက်ပီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန်အတွက် သဘောတူညီမှုပင် ရရှိထားပြီးဖြစ်သည်ဟု အစောပိုင်းကတည်းက သတင်းများ ထွက်ပေါ်ခဲ့သည်။

အမ်ဘက်ပီသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ကလည်း ပီအက်စ်ဂျီအသင်းမှထွက်ခွာရန် နီးစပ်ခဲ့ဖူးပြီး ပြင်သစ်သမ္မတ မက်ခရွန်ကိုယ်တိုင်က အသင်းမှမပြောင်းရွှေ့ရန်အတွက် စည်းရုံးမှုများလုပ်ဆောင်ခဲ့ပြီးနောက် အမ်ဘက်ပီအနေဖြင့် ပီအက်စ်ဂျီအသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုကာ ဆက်လက်တွဲခဲ့ပြီး ယခုအခါတွင်လည်း အမ်ဘက်ပီကိုအသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် သမ္မတမက်ခရွန် ကိုယ်တိုင်က စည်းရုံး လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# WBC စူပါလိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂါစီယာနှင့်ထိုးသတ်ရန် ဒက်ဗင်ဟန်နေးက ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲပြုလုပ်



**နယူးယောက် ဖေဖော်ဝါရီ ၂၈**

WBC စူပါလိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ဒက်ဗင်ဟန်နေးနှင့်စိန်ခေါ်သူ တစ်နိုင်ငံတည်းသားလက်ဝှေ့သမား ဂါစီယာတို့သည် လာမည့်ဧပြီလတွင် ချန်ပီယံခါးပတ်အတွက် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး စိန်ခေါ်ပွဲမတိုင်မီ ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ်အနေဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ပယ်လာဒီယမ်တိုင်းမ် စကွဲယားခန်းမ၌ ပြုလုပ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာနှင့် ဒက်ဗင်ဟန်နေးတို့သည် ဧပြီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဘရော့ကလင်းမြို့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ရန်လိုဟန်ပြခဲ့သည့်အတွက် တာဝန်ရှိသူများက ဖျန်ဖြေပေးခဲ့ရသည်။

စူပါလိုက်ဝိတ်တန်း၏အကောင်းဆုံးလက်ဝှေ့ သမားများအဖြစ် သတ်မှတ် ခံထားရသူများဖြစ်သောကြောင့် ဒက်ဗင်ဟန်နေးနှင့်ဂါစီယာတို့အကြား ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

စိန်ခေါ်သူဂါစီယာက "ခင်ဗျားကိုအနိုင်ယူပြီး ဘီယာသောက်အောင်ပွဲခံပြမယ်။ ကမ္ဘာ့ချန်ပီယံခါးပတ်ဟာ ကျုပ်ဆီကိုသေချာပေါက် ရောက်လာလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

ဒက်ဗင်ဟန်နေးသည် လိုက်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်ခွင့်ရခဲ့ပြီးနောက် လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်များကိုစွန့်လွှတ်ကာ စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သူဖြစ်ပြီး စိန်ခေါ်ပွဲအတွက် ပြင်ဆင်ချိန်တွင် ဂါစီယာသည် ၎င်းအပေါ် ဘာသာရေးဆိုင်ရာ စော်ကားပြောဆိုမှုများပြုလုပ်ခဲ့သည့်အတွက် ခွင့်မလွှတ်ကြောင်းပြောကြားခဲ့သည်။

**Ref : Xinhua**
**Trs : AZL**

# ဥရောပအသင်း၏ ဒုတိယအသင်းခေါင်းဆောင်တစ်ဦး ထပ်မံခန့်အပ်ကြောင်း ဆူဇန်ပက်တာဆင် ထုတ်ပြန်

**အော့စလို ဖေဖော်ဝါရီ ၂၈**

ယခုနှစ် Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်း၏ ဒုတိယအသင်းခေါင်းဆောင် အသစ်တစ်ဦးကို ထပ်မံခန့်အပ်ကြောင်း အသင်းခေါင်းဆောင်ဖြစ်သူ နော်ဝေဂေါက်သီးရိုက်မယ် ဆူဇန်ပက်တာဆင်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆူဇန်ပက်တာဆင်သည် ဒုတိယအသင်းခေါင်းဆောင်များ အဖြစ် ဆွီဒင်ဂေါက်သီးရိုက်မယ် အန်နာနော့ကွက်ဇ်၊ အင်္ဂလန်ဂေါက်သီးရိုက်မယ်လော်ရာဒါဗီ၊ နော်ဝေဂေါက်သီးရိုက်မယ် ကာရိုလိုင်းမာတန်တို့ကို ရွေးချယ်ထားပြီးဖြစ်သည်။

အဆိုပါ ဂေါက်သီးရိုက်မယ်များသည် ၂၀၂၃ ခုနှစ် Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆူဇန်ပက်တာဆင်နှင့်အတူ လက်တွဲအလုပ် လုပ်ခဲ့ဖူးသူများဖြစ်ပြီး ဥရောပအသင်းအတွက် အကောင်းဆုံးစွမ်းဆောင် ပေးခဲ့ကြသော ဒုတိယအသင်းခေါင်းဆောင်များဖြင့် ပြန်၍လက်တွဲအလုပ်လုပ်ရန်အတွက် ယခုနှစ် အစောပိုင်းကတည်းက ဒုတိယ အသင်းခေါင်းဆောင်များ အဖြစ်ခန့်အပ်ခဲ့သည်။

ယခုထပ်မံ၍ ဒုတိယအသင်းခေါင်းဆောင် အသစ်အဖြစ် အင်္ဂလန်ဂေါက်သီးရိုက်မယ် မယ်ရိုက်ကိုလည်း ထပ်မံကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး မယ်ရိုက်ကလည်း ကမ်းလှမ်းမှုကို လက်ခံလိုက်သည့်အတွက်ကြောင့် ဒုတိယအသင်းခေါင်းဆောင်လေးဦးထိ ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဥရောပအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားသည့် Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းက သုံးကြိမ်ဆက်တိုက်ချန်ပီယံဆုဖလားကိုဆွတ်ခူးထားပြီး လေးကြိမ်မြောက်ဆုဖလားကို ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသည်။

ယင်းအတွက် ကြောင့်လည်း ဒုတိယအသင်းခေါင်းဆောင်တစ်ဦး ထပ်မံခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအသင်းခေါင်းဆောင်လေးဦး၏ မတူညီသောကျွမ်းကျင်မှုများ၊ အကြံပေးမှုများကိုရယူကာ ဥရောပအသင်းကို အကောင်းဆုံးပြင်ဆင်သွားမည်ဟု ဆူဇန်ပက်တာဆင်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်တွင် တရုတ်-အမေရိကန် ပူးပေါင်းဆောင်ရွက်မှုအလားအလာ



ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင် ပဋိညာဉ်လက်မှတ်ရေးထိုးထားသောနိုင်ငံများ၏ (၂၈) ကြိမ်မြောက်ညီလာခံ(COP28) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်ထိ အာရပ်စော်ဘွားများပြည်ထောင်စု(UAE) ဒူဘိုင်းမြို့၌ ပြုလုပ်ခဲ့သည်။ ကမ္ဘာ့ခေါင်းဆောင်များသည် COP28 ၌ ရာသီဥတုပြောင်းလဲမှုလျော့ချပြီး ပြောင်းလဲဖြစ်ပေါ်လာသောရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်တတ်စေရန်၊ ဘဏ္ဍာငွေနှင့် နည်းပညာပံ့ပိုးပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် အရေးယူဆောင်ရွက်ရာတွင် ဆွေးနွေးညှိနှိုင်းသွားရန်၊ ရာသီဥတုပြောင်းလဲမှုဖြေရှင်းရေး ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများမြှင့်တင်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတောင့်တင်းခိုင်မာလာစေရန်ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ကမ္ဘာကြီးပူနွေးလာမှုသည် လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအနက်မှ တစ်ခုပင်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးမှုသည် အာတိတ်နှင့် အန္တာတိတ်ဒေသတို့တွင် ရေခဲတောင်များအရည်ပျော်ခြင်းတို့ဖြစ်ပေါ်လာပြီး ၂၀ ရာစုမှစ၍ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် စင်တီမီတာ ၂၀ ခန့်မြင့်တက်လာလျက်ရှိသည်။ တရုတ်နိုင်ငံ ရှင်ကျန်းဒေသတွင် ပင်လယ်ရေမျက်နှာပြင်သည် ၁၅၈ မီလီမီတာမြင့်တက်လာကြောင်း တရုတ်သဘာဝအရင်းအမြစ်ဝန်ကြီးဌာနက သုတေသနတွေ့ရှိထားသည်။

လူသားတို့၏လုပ်ဆောင်ချက်များကြောင့် လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ရာမှ ကမ္ဘာကြီးပူနွေးလာမှု ဖြစ်ပေါ်လာလျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်ပြီး ဂေဟစနစ်ကို ဆိုးဆိုးရွားရွားပျက်စီးစေခဲ့သည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အလေးထားလုပ်ဆောင်နေမှုများအနက်မှ တစ်ခုသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ချသွားရေးအပေါ် အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဖန်လုံအိမ်ဓာတ်ငွေ့လျော့ချရေး အစီအမံများတွင် နည်းပညာ၊ ရန်ပုံငွေနှင့် စီးပွားရေးဆိုင်ရာသက်ရောက်မှုများကဲ့သို့သော ရှုထောင့်များပါဝင်ပြီး COP ညီလာခံများ၌ ဆွေးနွေးလျက်ရှိသည်။ ကမ္ဘာ့အကြီးမားဆုံးစီးပွားရေးနှင့် ဖွံ့ဖြိုးမှုအရှိဆုံးနိုင်ငံဖြစ်သည့် အမေရိကန်သည် ကမ္ဘာ့ဒုတိယအကြီးမားဆုံးစီးပွားရေးနှင့် အကြီးမားဆုံးဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့်အတူ COP28 ၌ အရေးပါသောအခန်းကဏ္ဍမှ မလွှဲမရှောင်သာပါဝင်ခဲ့ရသည်။

တရုတ်နှင့် အမေရိကန်တို့သည် ရာသီဥတုပြောင်းလဲမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ Sunnylands Statement ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ပူးတွဲထုတ်ပြန်ခဲ့သည်။ ၎င်းကြေညာချက်သည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ထိရောက်စွာတုံ့ပြန်ရေးအတွက် COP28 ၏အရေးပါမှုကို အလေးထားဖော်ပြထားသည်။ တရုတ်နှင့် အမေရိကန်တို့သည် ၂၀၂၀ ပြည့်လွန်ကာလများတွင် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အောက်ရှိ အစီအစဉ်များနှင့် စီမံကိန်းများကို လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ အရေးယူဆောင်ရွက်မှုလုပ်ငန်းများသည် စွမ်းအင်မူဝါဒများနှင့် မဟာဗျူဟာများဆိုင်ရာအပြန်အလှန်ဆွေးနွေးပွဲများ ပြန်လည်စတင်ခြင်း၊ အပြန်အလှန်သဘောတူထားသောခေါင်းစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့ ပါဝင်သည်။

ထို့ပြင် အဆိုပါထုတ်ပြန်ချက်သည် ၎င်းတို့၏ ဆွေးနွေးပွဲများ၊ ကြိုးပမ်းမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် COP28 အောင်မြင်မှုအတွက် အလှည့်ကျသဘာပတိ UAE ကို ထောက်ပံ့ကူညီရေး ပူးပေါင်းဆောင်ရွက်သွားရန် ခိုင်မာသောဆုံးဖြတ်ချက်ကို ဖော်ပြထားသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံများအောင်မြင်မှုသည် အစည်းအဝေးမတိုင်မီ အဓိကကျသောနိုင်ငံကြီးများအနေဖြင့် ဘုံသဘောတူညီချက်ရရှိမှုပေါ် မူတည်လျက်ရှိသည်။ သာဓကအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုစီမံခန့်ခွဲမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံးသည် ၂၀၁၅ ခုနှစ်က ပြင်သစ်နိုင်ငံ၌ပြုလုပ်သည့် COP21 မတိုင်မီ ပူးတွဲကြေညာချက်သုံးရပ်ထုတ်ပြန်ခဲ့သဖြင့် Paris Agreement ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ယခုအကြိမ်တွင်လည်း နှစ်နိုင်ငံသည် စွမ်းအင်အသွင်ကူးပြောင်းခြင်း၊ အစားထိုးပြောင်းလဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာစစ်တမ်း(GST)ကောက်ယူခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုဖြေရှင်းရာတွင် ပိုမိုတောင့်တင်းခိုင်မာသောပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ Sunnylands Statement တွင် ဘုံသဘောတူညီချက်ရရှိခဲ့သည်။ GST သည် ရာသီဥတုပြောင်းလဲမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းနိုင်ရေး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ ကြိုးပမ်းမှုနှင့်စပ်လျဉ်း၍ ပထမဆုံးအစီရင်ခံထားမှုပင်ဖြစ်သည်။

အဓိကကျသောဘုံသဘောတူညီချက်များသည် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်စဉ် နိုင်ငံများအတွက် မှိုငြမ်းကိုးကားချက်များ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများထောက်ပံ့ပေးပြီး COP28 ၌ ရလဒ်များထွက်ရှိရေးအတွက် ခိုင်မာသောအုတ်မြစ်ချမှတ်ပေးနိုင်မည်ဖြစ်သည်။

စီးပွားရေးအင်အားကြီးနှစ်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ရာသီဥတုပြောင်းလဲမှုပြဿနာတွင် ဦးဆောင်မှုပေးရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် နိုင်ငံများကို ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ကိုယ်တိုင်အရေးယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားအဆင့်ပါဝင်ဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းစေရေး သာဓကဆောင်ပေးလျက်ရှိသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား ကာဗွန်ထုတ်လွှတ်မှုလျော့ချရေးတာဝန်များခွဲဝေရေးနှင့် စပ်လျဉ်း၍ နိုင်ငံများကြား သဘောထားကွဲလွဲချက်များ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်နွှယ်သော ဘဏ္ဍာငွေနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ ကြွယ်ဝချမ်းသာသောနိုင်ငံများကြား သဘောထားကွဲလွဲမှုရှိနေဆဲပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုပြဿနာဖြေရှင်းရာတွင် တရုတ်နိုင်ငံသည် ရှင်းလင်းပြတ်သားသောရည်မှန်းချက်နှင့် ခိုင်မာသောသဘောထားအမြင်ရှိကာ ၂၀၃၀ ပြည့်နှစ်မတိုင်မီ ကာဗွန်ထုတ်လွှတ်မှုအမြင့်ဆုံးအဆင့်ရောက်ရှိပြီး ၂၀၆၀ ပြည့်နှစ်မတိုင်မီ ကာဗွန်လုံးဝလျော့ချသွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါရည်မှန်းချက်သည် ရုတ်ခြည်းတိုးတက်လျက်ရှိသော စီးပွားရေးအတွက် သိသာထင်ရှားသောစိန်ခေါ်မှုပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၁၉၉၂ ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကုလသမဂ္ဂမူဘောင်ပဋိညာဉ်တွင် ပထမဆုံး လက်မှတ်ရေးထိုးခဲ့သော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစိုးရအဆင့်ဘုတ်အဖွဲ့ (IPCC)ထူထောင်သည့်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေး အမျိုးသားရေးအစီအမံများ ရေးဆွဲအကောင်အထည်ဖော်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ

> **❖ သမ္မတဂျိုးဘိုင်ဒင် တာဝန်ထမ်းဆောင်ပြီးနောက် အမေရိကန်သည် ပဲရစ်သဘောတူညီချက်ကို ပြန်လည်ပူးပေါင်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။ Sunnylands Statement ၌ တရုတ်နှင့် အမေရိကန်တို့သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် အခြားသောနိုင်ငံများနှင့် ပူးပေါင်းကြိုးပမ်းသွားမည့် ၎င်းတို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ ❖**

များအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် တရုတ်အစိုးရသည် ရာသီဥတုပြောင်းလဲမှု အမျိုးသားအစီအစဉ်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းအစီအစဉ်သည် အရင်းအမြစ်များထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် အမျိုးသားရေးမူဝါဒပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်ကို အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏မဟာဗျူဟာမြောက်ရှုထောင့်အဖြစ် သဘောထားလျက်ရှိသည်။

သို့သော် သမ္မတဒေါ်နယ်ထရန့်က အမေရိကန်အနေဖြင့် အစိမ်းရောင်ရန်ပုံငွေထည့်ဝင်ခြင်းအပါအဝင် ပဲရစ်သဘောတူညီချက် အကောင်အထည်ဖော်မှုအားလုံးမှ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှု၏ တရားမျှတမှုနှင့် ကျွမ်းကျင်မှုတို့ကို အင်အားချည့်နဲ့စေလျက်ရှိသည်။

သမ္မတဂျိုးဘိုင်ဒင် တာဝန်ထမ်းဆောင်ပြီးနောက် အမေရိကန်သည် ပဲရစ်သဘောတူညီချက်ကို ပြန်လည်ပူးပေါင်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။ Sunnylands Statement ၌ တရုတ်နှင့် အမေရိကန်တို့သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် အခြားသောနိုင်ငံများနှင့် ပူးပေါင်းကြိုးပမ်းသွားမည့် ၎င်းတို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ ထို့ပြင် တရုတ်နှင့် အမေရိကန်တို့ကြား အချက် ၂၅ ချက်ပါဝင်သော ဘုံသဘောတူညီချက်သည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုလျော့ချရေးရှုထောင့်အားလုံး လွှမ်းခြုံပါဝင်သည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နှင့် အမေရိကန်တို့ကြား ဆက်ဆံရေးသည် သဘောထားကွဲလွဲမှုများနှင့် ဆန့်ကျင်မှုများကြောင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလာလျက်ရှိသော်လည်း နှစ်ဖက်စလုံးသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုတွင် သိသိသာသာကြိုးပမ်းဆောင်ရွက်လာလျက်ရှိသည်။ နှစ်နိုင်ငံဆက်ဆံရေးတွင် ကြီးမားသောစိန်ခေါ်မှုများဖြစ်ပေါ်လာပြီး ကမ္ဘာလုံးဆိုင်ရာပထဝီနိုင်ငံရေးနယ်ပယ်တွင် သိသိသာသာပြောင်းလဲမှုများဖြစ်ပေါ်လာခြင်းတို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတကာအသိုက်အဝန်းအတွက် မျှော်လင့်ချက်နှင့် ယုံကြည်မှုများခိုင်မာလာစေလျက်ရှိသဖြင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ပိုမိုလွယ်ကူအဆင်ပြေစေမည်ဖြစ်သည်။

**ကိုးကား**

- UNITED ACTION By BEIJING REVIEW.

**ဝင်းဇင်(သုတေသန)**

# မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ ပြုလုပ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသည့် သရုပ်ဆောင် ဟိန်းဝေယံက ပြောပြ၍ သိရသည်။

မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အေးသီရိကျော်က ရေးသားထားကာ ဇာတ်ညွှန်းကို ဖြိုးသဥ္ဇာကျော်၊ ယဉ်မင်းခန့်နှင့် ယုန်လေးတို့က ရေးသားထားပြီး ဒါရိုက်တာ သားညီက မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ပုံမှန်ကြည့်နေကျ ဒရာမာဇာတ်လမ်းတွဲလေးပါပဲ။ ဒါပေမဲ့ ဒီဇာတ်လမ်းတွဲထဲမှာ အလှည့်အပြောင်းတွေ၊ လျှို့ဝှက်ချက်တွေနဲ့ ရိုမန့်တစ်ဖြစ်စေမဲ့ဇာတ်ဝင်ခန်းတွေကို မြင်ရမှာပါ။ Channel K ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်" ဟု သရုပ်ဆောင် ဟိန်းဝေယံက ပြောပြသည်။

မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၁၇) ပိုင်းပါဝင်မည်ဖြစ်ပြီး မတ်လတွင် ရိုက်ကူးရေးစတင်မည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟိန်းဝေယံ၊ ထွန်းကိုကို၊ စိုးပြည့်သဇင်၊ ဆောင်းယွန်းစံ၊ အယ်လာ ရွှေစင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# တယုတယခြွေ ရုပ်ရှင်ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် တယုတယခြွေ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် ခင်သဇင်က ပြောပြ၍ သိရသည်။

တယုတယခြွေ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ စိုးမိုးမင်းက အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဒီဇာတ်ကားက ဇင်ရဲ့ထုတ်လုပ်ရေးက ဒုတိယမြောက်ဇာတ်ကားပါ။ ခပ်မိုက်မိုက် လူဆိုးလူမိုက်အထာလေး ကိုရွှေထူးကို တွေ့ရမှာပါ။ ကိုရွှေထူးက အရုပ်ရည်ရှည် အသားအရောင် သူ့အိုက်တင်ပိုင်းတွေက အဲဒီလိုကာရိုက်တာနဲ့ မိုက်မယ်ထင်လို့ ဇင်ကရွေးချယ်လိုက်တာပါ။ ဒီအချစ်ကားလေးကို ဇင်ကစီစဉ်ဖြစ်တာပါ။ ဒါပြင့် သူ့ရဲ့ချစ်စရာကောင်းတဲ့ Role လေးတွေလဲ မြင်ရမှာပါ"ဟု အဆိုပါဇာတ်ကားကို စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် ခင်သဇင်က ပြောပြသည်။



အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူး၊ အိချောပို၊ ညီနန္ဒ၊ ခိုင်နှင်းဝေ၊ မင်းအာကာ၊ ရွှေပိုးအိမ်၊ ထူးသာ၊ ရဲမွန်၊ ဈေးသည် သရုပ်ဆောင် မေသန်းနုနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကားကို မတ် ၁ ရက်တွင် ရုံတင်ပြသမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

THE RAY Film ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကားကို မတ် ၁ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြ၍ သိရသည်။

ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားကာ တွဲဖက်ဒါရိုက်တာများအဖြစ် နေသူရိန်နှင့် အောင်ကျော်သန့်တို့က ဆောင်ရွက်ထားပြီး ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးတင်ဆက်ထားကြောင်း သိရသည်။

"အချစ် ဟာသဇာတ်မြူးလေးပါ။ သရုပ်ဆောင် မြင့်မြတ်နဲ့ နေဝင်း အတွဲကိုမြင်ရမှာပါ။ တစ်ရွာလုံးကို ဆေးထိုးပြီး မွေးရတာဝါသနာထုံကြတဲ့ ထင်ပေါ်နဲ့ ကျော်ကြား ညီအစ်ကိုနှစ်ယောက်ရဲ့ အချစ်ဟာသရုပ်ရှင်ဇာတ်ကားပါ"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ နေဝင်း၊ ခြူးလေး၊ ထက်ထက်ထွန်း၊ စင်ဒီမြတ်၊ ဥသြသံသာ၊ အရိုင်း၊ ခင်လှိုင်၊ ညောင်ညောင်၊ ကျော်ထူး၊ ဆင်မ၊ ရွှေအိုး၊ သွက်လက်၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ သူဇာပွင့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ဆိုနီကုမ္ပဏီ၏ Venom-3 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးလုနီးပြီဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၂၈**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Venom -3 ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးလုနီးပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

Venom-3 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးတော့မည့် အခြေအနေကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေသည့် မင်းသမီး ဂျူနိုတမ်ပယ်က အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုနီကုမ္ပဏီသည် Venom -3 ဇာတ်ကားရိုက်ကူးမှုကို ဟောလိဝုဒ် ရုပ်ရှင်သရုပ်ဆောင်များ သပိတ်ကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဆိုင်းငံ့ခဲ့ရပြီး နိုဝင်ဘာလမှသာ ရိုက်ကူးရေးလုပ်ငန်းများ ပြန်လည် စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသမီး ဂျူနိုတမ်ပယ်သည် Venom -3 ဇာတ်ကားတွင် မင်းသား တွမ်ဟာဒီနှင့်အတူ ပါဝင်ထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကယ်လီမာဆယ်က တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Venom -3 ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# The Friend ဇာတ်ကားတွင် နာအိုမီဝပ်နှင့် ဘီမာရေးတို့ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၈**

The Friend အမည်ရှိ ဒရာမာဇာတ်ကားသစ်၌ မင်းသမီး နာအိုမီဝပ်နှင့် မင်းသား ဘီမာရေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

The Friend ဇာတ်ကားတွင် နာအိုမီဝပ်နှင့် ဘီမာရေးတို့သည် မင်းသား အန်းဒေါ့၊ ကွန်းစတန့်ဝူ၊ ဆာရာပစ်ဂျီယွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Friend ဇာတ်ကားသည် အချစ်ဆုံးသူငယ်ချင်း ကွယ်လွန်ပြီးနောက် အဖော်မဲ့ဘဝကိုကျော်ဖြတ်ရန် ကြိုးပမ်းခဲ့သည့် စာရေးဆရာမတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကားကို စာရေးဆရာမ ဆီးဂရစ်နူနက်၏အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး နာအိုမီဝပ်နှင့် မင်းသား ဘီမာရေးတို့သည် ဒါရိုက်တာ သီအိုဒိုမယ်ဖီ ရိုက်ကူးခဲ့သည့် St. Vincent အမည်ရှိဇာတ်ကား၌ အတူသရုပ်ဆောင်ခဲ့ဖူးသည်။

လက်ရှိအချိန်တွင် The Friend ဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာနှင့် စတင်ရိုက်ကူးမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Pathein parasol making process to be shared with trainees in 2024-25 FY


Photo shows a display of colorful Pathein parasols.

**Pathein February 28**

The Ministry of Labour recently stated that a training course will be conducted to make Pathein umbrella in 2024-25 financial year.

Pathein parasols are used as decorations at hotels and ceremonies. Foreigners visiting Myanmar buy Pathein parasol as souvenirs. In fact, Pathein umbrella is made of natural products such as bamboo and textile.

As he umbrella is decorated with flowery pictures and ancient monuments and scenes in colourful works, foreigners prefer it as handmade artistic works.

The Pathein parasol making and decoration course will be conducted in 2024-25 financial year for creation of job opportunities and for ensuring wider range of its market. The course will be held at the skill training school in Pathein.

The course will be jointly conducted by relevant departments and MSME organizations. Trainees will be recruited in early 2024-25 FY.

In the open season, Pathein umbrella market is active. In the domestic market, 12-inch umbrella fetches K7,500, 14 inches one K9,000, 15 inches one K12,000, 18 inches one K25,000, six feet one K75,000 and eight feet one K100,000.

336

# Kawlin District finishes cultivation of more than 4,000 acres of summer paddy this year

**Kawlin February 28**

A total of 4,240 acres of summer paddy have been cultivated in Kawlin District of Sagaing Region, according to the Kawlin District Agriculture Department.

In summer crop cultivation season of 2023-24 financial year, a plan is underway to grow 6,300 acres of summer paddy in the district, and cultivation of summer paddy was carried out on 4,240 acres of paddy farms, starting from February this year.

"Local farmers have so far grown more than 4,000 acres of summer paddy against the target of more than 6,000 acres in Kawlin District this year. They are making efforts for meeting the target cultivation," said U Win Thein, Head of Kawlin District Agriculture Department.


A paddy field in Kalaw District.

This year, Kawlin Township cultivated 3,815 acres of summer paddy and Wuntho Township, 425 acres, totalling 4,240 acres. The district earmarked 5,269 acres of summer paddy in Kawlin Township, 1,021 aces in Wuntho Township and 10 acres in Pinlebu Township, totalling 6,300 acres.

Relevant Agriculture Departments provide aid for local farmers with quality strains of paddy, methods of making natural fertilizers and advanced agricultural techniques.

Moreover, agricultural staff members from relevant township department help local farmers select quality strains of paddy, monitoring pests, weeding, removing different paddy strain plants and systematically using fertilizers.

206

# Farmers in Kalay District plant 19,351 acres of winter maize

**Kalay February 28**

A total of 19,351 acres of maize have been planted in the winter crop planting season in Kalay District, Sagaing Region, according to statistics from the Department of Agriculture for Kalay District.

Currently, 19,125 acres of maize are earmarked for planting in the winter crop season of 2023-2024 in Kalay District. To date, 19,351 acres have been planted.

"We are providing awareness activities and working to prevent pest," said U Aung, head of the Department of Agriculture for Kalay District.

Maize acreages in townships in Kalay District were as per following: 9,534 acres of maize in Kalay Township, 2,326 acres of maize in Kalewa Township, and 7,491 acres of maize in Mingin Township.

In Kalay district, the Department of Agriculture for the relevant township provided training to the farmers who grow maize, and conducted field demonstrations. It is reported that knowledge about agriculture is being provided for pest prevention and the use of pesticides.

206

# Tunisian president underlines need to strengthen security in Arab societies

**Tinis February 28**

Tunisian President Kais Saied on Monday stressed the need to reach an approach that contributes to enhancing the security of Arab societies, according to a statement released by the Tunisian presidency.

While hosting participants of the 41st session of the Arab Interior Ministers Council launched in Tunis on Monday, Saied called for efforts to deal effectively with all security challenges facing the countries of the region, especially terrorism, extremism, drugs, cyber threats, illegal immigration, and transcontinental crimes.

For his part, Saudi Interior Minister Abdulaziz bin Saud bin Nayef bin Abdulaziz Al Saud, also the honorary chairman of the council, said the regularly scheduled council meetings "reflects the common awareness of the importance of coordination to confront all the challenges facing not only the Arab region but the entire world."

Interior ministers of Egypt, Qatar, Syria, Yemen, Lebanon, Sudan and Djibouti attended the event.

According to the council's general secretariat, based in Tunis, participants of the event will discuss the 11th Arab security plan, and the 9th Arab media plan for security awareness, as well as several other reports.

Xinhua

# Hungarian parliament approves Sweden's NATO bid

**Budapest February 28**

Hungary's lawmakers on Monday approved a bill on Sweden's bid to join the North Atlantic Treaty Organization (NATO).

Out of the 199 members of parliament (MP), 194 participated in the voting, with 188 votes in favor and six against.

The Hungarian parliament voted on the bill on the first day of the spring session of the Parliament.

"The Swedish-Hungarian military cooperation and Sweden's NATO accession strengthen Hungary's security," Hungary's Prime Minister Viktor Orban said before the agenda of the parliament.

Elod Novak of the opposition party Our Homeland was one of the six MPs who voted against it. "Let's veto Sweden's NATO accession," he said before the vote, urging the MPs to "veto the path that leads to World War III."

With Monday's ratification, Hungary became the last of the 31 NATO member countries that approved Sweden's bid to join the military alliance, following the green light from the Turkish parliament on Jan. 23.

Sweden will officially become the 32nd member of the alliance at its next summit in Washington DC in July.

Xinhua


Members of the Hungarian parliament vote on a bill on Sweden's bid to join the North Atlantic Treaty Organization (NATO) in Budapest, Hungary, on Feb. 26, 2024.

# Renovation of Maha Makutaramsi sacred hair relic Myatmawtin Pagoda completed by 95 per cent



An aerial view of Myatmawtin Pagoda.

**Pathein February 28**

All-round renovation of Mawtinsoon Pagoda including expansion of the platform has been completed by 95 per cent in Hainggyikyun of Ayeyawady Region, and a plan is underway to complete all construction tasks before the Buddha Pujaniya festival, according to the pagoda board of trustees.

In renovation tasks, four archways are being built in addition to four stairways, the hall for stay of pilgrims and Dhammayon with expansion of the terrace.

"At present, we carry out maintenance of the banner post, construction of retaining walls between the upper and lower terraces, repairing of the ladder on the northern arch, and construction of tank walls, starting from November 2022. In the second week of February 2024, the construction tasks have completed by 95 per cent. The Buddha Pujaniya festival will take palce on 1st waxing of Tabaung, 10 March 2024. At present, some 200 pilgrims visit the pagoda per day," U Kyaw Swa Win, a member of the pagoda board of trustees, said.

The Buddha Pujaniya festival takes place from 1st waxing of Tabaung to the fullmoon day of Tabaung yearly. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of kitchen crops cultivated in Katha District this year

**Katha February 28**

Statistics of Katha District Agriculture Department of Sagaing Region stated that a total of 4,645 acres of croplands have been placed under kitchen crops this winter.

The district earmarked cultivation of 3,532 acres of kitchen crops in winter of 2023-24 financial year. It started cultivation of crops in October 2023, and so far, a total of 4,645 acres of kitchen crops have been grown.

"This year, the district has earmarked growing more than 3,000 acres of kitchen crops. So far, local farmers have grown more than 4,000 acres of crops, exceeding the target. We have planned to expand sown acreage of kitchen crops year by year," said U Myint Soe, Head of District Agriculture Department.

In Katha District, Katha Township has grown 19 acres of chilli, 118 acres of onion, 43 acres of garlic and 59 acres of potato, Indaw Township 420 acres of onion, 68 acres of garlic and 200 acres of potato, Htigyaing Township 385 acres of chilli, 1,025 acres of onion, 197 acres of garlic and 98 acres of potato and Bamauk Township 71 acres of chilli, 817 acres of onion, 587 acres of garlic and 538 acres of potato, totalling 4,645 acres.



A vast stretch of kitchen crop plantations.

In winter crop cultivation season of 2023-24 financial year, Katha Township earmarked cultivation of 19 acres of chilli, 80 acres of onion, 36 acres of garlic and 46 acres of potato, Indaw Township 283 acres of onion, 56 acres of garlic and 164 acres of potato, Htigyaing Township 385 acres of chilli, 692 acres of onion, 163 acres of garlic and 77 acres of potato, and Bamauk Township 73 acres of chilli, 551 acres of onion, 482 acres of garlic and 425 acres of potato, totalling 3,532 acres.

Relevant township agriculture departments help local farmers rise per-acre yield of crops with aid of modern agricultural techniques, prevention of pests and use of GAP system. 206

# Plan underway to hatch domestic short headed catfish species in 2024-25 FY

**Mandalay February 28**

Assistant Director U Tun Naung Win of Thayetgon fishery camp in Mandalay Region said that rare domestic species short headed catfish will be hatched at the camp in 2024-25 financial year.

The camp caught domestic fish species not to be extinct and bred them. So, bream and shark-like catfish could be bred at the camp successfully. In coming financial year, the camp will hatch short headed catfish.

"Thayetgon camp hatches rare domestic fish species on test. At present, some 20 short headed catfish are being bred at the camp. Of them, quality fish will be hatched with the aim of releasing fingerlings into the natural water of the nation for local farmers to catch them as consumption," he explained.

Myanmar is endowed with 260 fresh water fish species and 475 seawater fish species, 24 freshwater shrimp species and 46 seawater shrimp species. Thayetgon camp annually hatches 10 rare domestic fish species and releases fingerlings into the natural water while conducting research on rare fish species. 185



Freshwater Fish Farming Research and Extension Center.

# Rice bean demand high in Mandalay market

**Mandalay February 28**

U Set Maung Swe, secretary of Brokers, Merchants and Milers Maha Kahteindaw Association (Mandalay Depot), said that rice bean is in high trading in Mandalay market due to demand at home and abroad.

High demand from abroad pushes up the marketable process of rice bean in Mandalay.

"At present, merchants purchase a large volume of rice bean in Mandalay. Such a bean is being exported to China," said the secretary.

In Mandalay market, rice bean fetched K185,000 per three-basket bag on 13 February.

"Bean depots handle purchase of rice ban in Mandalay. Some merchants purchase rice bea and other crops from depots due to high demand of rice bean," said U Set Maung Swe. 184

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ရုရှားတပ်ဖွဲ့များက ယူကရိန်းတို့၏ အမေရိကန်ထုတ် M1 Abrams တင့်ကားကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့



ရုရှားတပ်ဖွဲ့များသည် ယူကရိန်း ပဋိပက္ခအတွင်း ယူကရိန်းတို့၏ အမေရိကန်ထုတ် M1 Abrams ပင်မတိုက်ပွဲဝင်တင့်ကားကို ပထမဆုံးအကြိမ် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် Tel-egram လိုင်းအများအပြားက ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖော်ပြခဲ့ကြသည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တင့်ကားဆုံလည်မှ မီးတန်းကြီးတက်လာသည့်ဗီဒီယိုဖိုင် အွန်လိုင်းပေါ်တွင် ပျံ့နှံ့နေပြီး အဆိုပါ M1 Abrams တင့်ကားကို FPV ဒရုန်းဖြင့် သေချာချိန်ရွယ်ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ ပခုံးထမ်းဒုံးပစ်လောင်ချာမှ ပစ်လွှတ်လိုက်သော တင့်ဖျက်ဒုံးကျည် အနည်းဆုံး တစ်စင်းလည်း ထိမှန်ခဲ့ကြောင်း သိရသည်။

မကြာသေးမီက ရုရှားတပ်များသိမ်းပိုက်နိုင်ခဲ့သည့် Donbass ဒေသ၏ အဓိကအရေးပါသော Avdeevka မြို့အနောက်မြောက်ဘက်ရှိ Berdychi ရွာအနီးတွင် ယူကရိန်းဘက်က အင်အားဖြည့်ပေးထားသည့် အဆိုပါတင့်ကားကို တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ထောက်လှမ်းရေးဒရုန်းဖြင့် ရိုက်ကူးထားသည့် ဖျက်စီးသွားသော M1 Abrams တင့်ကား၏ အနီးကပ်ပုံတွင် အင်ဂျင်ခန်းနှင့် ခဲယမ်းတင်ဆောင်သည့်အခန်း မီးလောင်သွားသည်ကို ပြသထားသည်။

အမေရိကန်နိုင်ငံက ယူကရိန်းကို M1 Abrams တင့်ကား ၃၁ စီးပေးအပ်ရန် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကတည်းက ကတိပြုခဲ့ခြင်းဖြစ်သည်။ သို့သော် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်မတိုင်မီထိ ရောက်ရှိလာခဲ့ခြင်းမရှိဘဲ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင်မှသာ ယူကရိန်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး အဆိုပါတင့်ကား၏ တိုက်ပွဲဝင်စွမ်းရည်များကို ရိုက်ပြထားသော ဝါဒဖြန့်ချိရေးဗီဒီယိုဖိုင်များ အွန်လိုင်းပေါ်တွင် တက်လာသည်ကိုသာ တွေ့မြင်ခဲ့ရကာ ရှေ့တန်းစစ်မျက်နှာတွင် လက်တွေ့တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပုံမရပေ။

ထိုသို့ စစ်မြေပြင်တွင် လက်တွေ့အသုံးမပြုခဲ့ဖူးသေးသော ယူကရိန်းတို့၏ M1 Abrams တင့်ကားများ ရှေ့တန်းကျကျတိုက်ပွဲဝင်အသုံးပြုမှုကို ပြီးခဲ့သည့်ရက်အနည်းငယ်ခန့်တွင် တွေ့မြင်ခဲ့ရသည်။ Avdeevka မြို့ ရုရှားလက်အောက်ကျရောက်ခဲ့ပြီးနောက်ပိုင်းတွင် အနောက်ဘက်သို့ ဆက်လက်၍ အောင်မြေချဲ့လာမည့်အပေါ် တားဆီးနိုင်ရန် M1 Abrams တင့်ကားကို ယူကရိန်းတပ်ဖွဲ့များသို့ အင်အားဖြည့်တပ်စွဲပေးထားခြင်းဖြစ်ဟန်ရှိသည်။ Avdeevka မြို့သည် Donbass ဒေသတွင် ယူကရိန်း၏ အခိုင်အမာခြေကုပ်မြို့တစ်မြို့ဖြစ်ပြီး ရုရှားတို့သိမ်းပိုက်ထားသော Donetsk မြို့ကို အမြောက်များ၊ ရော့ကတ်များဖြင့် ပစ်ခတ်နိုင်သည့် စစ်ဗျူဟာအရေးကြီးမြို့တစ်မြို့လည်းဖြစ်သည်။ ယခုအခါ စစ်ဗျူဟာအရေးကြီး Avdeevka မြို့ကိုပါ စွန့်လွှတ်လိုက်ရခြင်းသည် ယူကရိန်းတို့၏ ကြီးမားသော မဟာဗျူဟာမြောက် ဆုံးရှုံးမှုတစ်ရပ်ဟုလည်း ဆိုနိုင်သကဲ့သို့ ရုရှားတပ်ဖွဲ့များအတွက် အောင်မြေများ ချဲ့ထွင်လာမှုကိုလည်း ဆက်တိုက်တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

**Abrams tank destroyed in Ukraine conflict (FIRST VIDEO)-media ကို ဘာသာပြန်ဆိုထားပါသည်။**

## ကနေဒါနိုင်ငံက ချက်နိုင်ငံဦးဆောင်မည့် ယူကရိန်းအတွက် ကျည်ပေါင်းရှစ်သိန်းဝယ်ယူရေးတွင် ပူးပေါင်းပါဝင်

ကနေဒါနိုင်ငံသည် ယူကရိန်းအတွက် အရေးပေါ်အမြောက်ကျည်ဆန် ဝယ်ယူရေးအတွက် ချက်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘောတူညီချက်ပါ အသေးစိတ်အချက်အလက်များကို ပြုစုနေဆဲဖြစ်ပြီး ထိုသဘောတူညီချက်တွင် ကနေဒါနိုင်ငံသည် ချက်နိုင်ငံ၏ ပဏာမခြေလှမ်းအတွက် ကနေဒါ အမေရိကန်ဒေါ်လာ သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၂ သန်း) ရင်းနှီးမြှုပ်နှံနိုင်ဖွယ်ရှိနေကြောင်း ကနေဒါအသံလွှင့်ကော်ပိုရေးရှင်း(CBC)၏ သတင်းရင်းမြစ်များကို ကိုးကား၍ ရေးသားဖော်ပြခဲ့သည်။

ချက်နိုင်ငံသည် ကနေဒါထုတ် ၁၅၅ မီလီမီတာ အမြောက်ကျည်ဆန် ငါးသိန်းအပါအဝင် အခြားနိုင်ငံထုတ် အမြောက်ကျည်ဆန်ရှစ်သိန်းထိ ယူကရိန်းကို ပံ့ပိုးပေးနိုင်ရေးစီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းလည်းဖြစ်သည်။

ချက်သမ္မတ PetrPavel က ပြီးခဲ့သည့်သီတင်းပတ်တွင် ကျင်းပပြုလုပ်ခဲ့သော မြူးနစ်လုံခြုံရေးညီလာခံတွင် အဆိုပါအစီအစဉ်အတွက် ဘဏ္ဍာငွေရရှိအောင် ကူညီပေးရန် မိတ်ဖက်နိုင်ငံများကို တိုက်တွန်းခဲ့သည်။

"ကျွန်ုပ်တို့လက်ဝယ်မှာရှိနေတဲ့ ခဲယမ်းတွေကို ယူကရိန်းဆီ မြန်မြန်ဆန်ဆန်ရရှိနိုင်စေဖို့ ကျွန်တော်တို့ရဲ့ ဥရောပမဟာမိတ်နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်တဲ့ ချက်နိုင်ငံဦးဆောင်တဲ့ သဘောတူစာချုပ်မှာ ကျွန်တော်တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကိုယ်ပိုင်ထုတ်လုပ်မှုကိုလဲ တိုးတက်အောင်လုပ်ဆောင်သွားမှာပါ"ဟု ကနေဒါနိုင်ငံကာကွယ်ရေးဝန်ကြီး ဘီလ်ဘလဲ၏ ပြောကြားချက်ကို ကိုးကားပြီး CBC သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



တစ်ချိန်တည်းတွင် ပြီးခဲ့သည့်တစ်နှစ်ခွဲခန့်က ပြည်တွင်းထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုထံမှ အမြောက်ကျည်ဆန်များတိုးမြှင့်ထုတ်လုပ်ရန် အဆိုပြုချက်များကို လက်ခံရရှိခဲ့ပြီးနောက်ပိုင်းတွင် ကနေဒါအစိုးရသည် ခဲယမ်းထုတ်လုပ်မှုနှင့် ပတ်သက်၍ အင်တိုက်အားတိုက်လုပ်ဆောင်ခဲ့ခြင်းမျိုး မရှိခဲ့ကြောင်း သိရသည်။

CBC သတင်းဌာန၏အဆိုအရ ချက်နိုင်ငံနှင့် ယခုကဲ့သို့ သဘောတူညီချက်ပြုလုပ်ခဲ့ခြင်းကြောင့် မဟာမိတ်နိုင်ငံများက ကနေဒါနိုင်ငံကို ပြည်တွင်းခဲယမ်းထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံရေးဆုံးဖြတ်ချက်များ ပိုမိုရွှေ့ဆိုင်းနှောင့်နှေးသွားနိုင်မှုအပေါ် စိုးရိမ်နေကြသည်။

ကနေဒါနိုင်ငံသည် NATO စံနှုန်းအရ ပြည်တွင်း၌ ၁၅၅ မီလီမီတာ အမြောက်ကျည်များ ထုတ်လုပ်မှုအရှိန်မြှင့်တင်နိုင်ရန်အတွက် ကနေဒါဒေါ်လာ သန်း ၄၀၀ (အမေရိကန်ဒေါ်လာ ၂၉၇ သန်း) ခန့် ရင်းနှီးမြှုပ်နှံမှုလိုအပ်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် ကနေဒါနိုင်ငံသည် တစ်လလျှင် ၁၅၅ မီလီမီတာ အမြောက်ကျည် ၅၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သည်။

"အမြောက်ကျည်၊ ခဲယမ်းတွေ ထုတ်လုပ်မှု တိုးမြှင့်လုပ်ဆောင်နိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်သွားနိုင်ဖို့ ခက်ခက်ခဲခဲကြိုးပမ်းနေရပါတယ်။ ယူကရိန်းမှာ လက်ရှိ လက်နက်ခဲယမ်းပြတ်လပ်မှုတွေ ကြုံတွေ့နေရပါတယ်။ ဒါဟာ NATO အတွက် လက်ခံနိုင်စရာအကြောင်းမရှိပါဘူး။ ကျွန်တော်တို့ရဲ့ အားနည်းချက်လဲဖြစ်ပါတယ်"ဟု အမြောက်ကျည်များပေးပို့ရန် နှောင့်နှေးမှုအတွက် အဓိကအကြောင်းရင်းတစ်ခုမှာ အုပ်ချုပ်ထောက်ပံ့မှု ပြဿနာများဖြစ်ကြောင်း ကနေဒါနိုင်ငံကာကွယ်ရေးဝန်ကြီး ဘီလ်ဘလဲက မှတ်ချက်ပြုခဲ့သည်။

တစ်ချိန်တည်းမှာပင် ကနေဒါနိုင်ငံသည် ကနေဒါဒေါ်လာ ၉၅ သန်း (အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၃ သန်း) တန်ဖိုးရှိ Sky Ranger R70 ဘက်စုံသုံးဒရုန်းအစင်း ၈၀၀ ကို ယူကရိန်းထံ ပေးပို့သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ် ဖေဖော်ဝါရီ ၂၆ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**Canada Could Join Czech Initiative to Procure 800,000 Shells for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းစား ပြောင်း ၇၈၄၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပြောင်းစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းစားပြောင်း ၇၈၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းစားပြောင်း ၇၈၄၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပြောင်းစားပြောင်းများအခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေကြည်မြို့နယ်မှာ ပြောင်းစားပြောင်းတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ အခုလျာထားတဲ့ ပြောင်းစားပြောင်း ၇၈၄၈ ဧက စိုက်ပျိုးပြီးပါပြီ။ ပြောင်းစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားရောဂါအန္တရာယ် ကင်းရှင်းစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ်လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းစားပြောင်း အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ဖောင်မြှောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များမကျရောက်စေရန်၊ ပြောင်းအထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ကြိုးစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုးစုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြိုးစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ကြိုးစုကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ငွေကျပ် ၅၆ သိန်း စုစုပေါင်းငွေကျပ်၂၀၆ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# အောင်လံမြို့နယ် စမ်းကလေးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကလေးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေးအလေးထား ဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စမ်းကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၈၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၂ / ၂၀၂၄ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၂ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၁/ ၂၀၂၄ ဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရအပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့်စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊

(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊

(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

(ဂဂ) ပြစ်ဒဏ်ကိုပို၍ နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကိုတိုးမြှင့်နိုင်သည်။

၅။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသောအခြေအနေ အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား (က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကိုနှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ ပြစ်မှုများ။

၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ၊

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ဖုန်း- ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No. 06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အောင်ဇမ္ဗူတောရဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသ ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့သည် မြန်မာနိုင်ငံငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်၍ ယနေ့ညနေပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်း၊ ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ဆရာတော်ဦးဆောင်သောသံဃာတော် ၁၁ ပါးနှင့် အမျိုးသား၊ အမျိုးသမီးယောဂီ ၁၀၀ ကျော်ပါဝင်သည့်အောင်ဇမ္ဗူသာသနာပြုအဖွဲ့ကို ရှင်းလင်းဆောင်ရွက်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအားလုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ အလှူရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အောင်ဇမ္ဗူဆရာတော်က ဆက်ကပ်လှူဒါန်းသည့် ပန်းပူဇော်ပွဲကို ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဆရာတော်ဦးဆောင်သော သံဃာ ၁၁ ပါး၊ ပင့်သံဃာအပါး ၁၀၀၊ ပင့်သီလရှင်အပါး ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ အမျိုးသား၊ အမျိုးသမီးယောဂီ ၁၀၀ ကျော်နှင့် ဘုရားဖူးပြည်သူတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး နမောတဿ၊သရဏဂုံသုံးပါးနှင့် ဂုဏ်တော်ကိုးပါး ရွတ်ဖတ်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် ဦးဆောင်သော သံဃာတော် ၁၁ ပါးနှင့် ပင့်သံဃာအပါး ၁၀၀ တို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့်အညီ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြပြီး ခန္ဓသုတ်ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဆရာတော် ဦးဆောင်သော သံဃာ ၁၁ ပါး၊ ပင့်သံဃာအပါး ၁၀၀၊ ပင့်သီလရှင်အပါး ၁၀၀၊ အမျိုးသား၊ အမျိုးသမီးယောဂီ ၁၀၀ ကျော်နှင့် ဘုရားဖူးပြည်သူတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တရုတ်နိုင်ငံမှ မှာယူထားသည့် Tiger လီလီပန်း၊ ပဲပန်း၊ ပန်းချယ်ရီပန်း၊ ကာနေးရှင်းပန်း၊နှင်းဆီပန်း၊ ဖယောင်းပန်း၊ဘောလုံးပန်း၊နှင်းချယ်ရီပန်းနှင့် ကြယ်ပန်း စသည့် ပန်း ကိုးမျိုးတို့ဖြင့် လှပစွာပေါင်းစပ်ဖန်တီးထားသည့် အကျယ် ၆၈ ပေ၊ အနံ ရှစ်ပေရှိသည့် Flower Wall၊ သစ်သီး ကိုးမျိုးနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြ၍ တရားဘာဝနာပွားများခြင်း၊ ဆုတောင်းမေတ္တာပို့သ၍ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ ဒါယကာ၊ ဒါယိကာမတို့က ဆရာတော် ဦးဆောင်သောပင့်သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဝတ္ထုငွေများ လောင်းလှူကြသည်။

ထို့နောက် ဆရာတော် ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ အနုပညာလက်ရာ ကွဲပြားစွာတည်ဆောက်ထားသည့်ဝန္ဒကုဋိတိုက် ၂၄ ဆောင်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ ကျောက်စာရုံစေတီအဆူ ၇၂၀၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးတို့ကို လှည့်လည်လေ့လာဖူးမြော်ကြည်ညိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆီထွက်သီးနှံဆိုင်ရာလက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဆီထွက်သီးနှံစိုက်ပျိုးသည်မှ ဝယ်ယူသိုလှောင်သည်ထိ တောင်သူ၊ ကုန်သည်နှင့် လုပ်ငန်းရှင်များလိုက်နာရမည့် အချက်အလက်များ လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပညာရှင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSMEs) အသင်းဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဆီထွက်သီးနှံလက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပရသည့်အကြောင်းကို ရှင်းလင်းပြောကြားကာ အဆိုပါလက်စွဲစာအုပ်များကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များထံ ပေးအပ်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါက်တာသိင်္ဂီမြင့်က မြန်မာနိုင်ငံရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဆီသုံးစွဲမှုများ လေ့လာခြင်းစာတမ်းနှင့် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း ဆီစားသုံးမှုအခြေအနေ သုတေသနတွေ့ရှိချက်တို့ကို ဖတ်ကြားရှင်းလင်းသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇာကျော်က ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရဲဟိန်းကျော်တို့က စားသုံးဆီကြိတ်ခွဲထုတ်လုပ်မှုအခြေအနေကို လေ့လာတင်ပြခြင်းနှင့် ခေတ်မီဆီကြိတ်ခွဲစက်များ၏ ဆောင်ရွက်နိုင်မှုအခြေအနေကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမြည်ဖြိုးက စားသုံးဆီများနှင့်ဆီအရည်အသွေးကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိချောက "စားသုံးဆီနှင့် စားသုံးသူအခွင့်အရေး"ကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဘာသာရပ်ပညာရှင်များက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**အိမ်မြင်ပဲ့ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပူတာအိုမြို့နယ်၌ သမိုင်းဝင်ကောင်းမှုလုံစေတီ၊ ရွှေစည်းခုံစေတီပုံတူနှင့် ရွှေတိဂုံစေတီပုံတူဘုရားပတ်လမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာခိုင်နှုန်းပြည့်ပြီးစီး



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၆၀၄ ဒသမ ၁၂၅ သန်းဖြင့် ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ် ပူတာအိုမြို့နယ် သမိုင်းဝင်ကောင်းမှုလုံစေတီ၊ ရွှေစည်းခုံစေတီပုံတူနှင့် ရွှေတိဂုံစေတီပုံတူ ဘုရားပတ်လမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယနေ့တွင် ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်း ၃၄ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးဘူတာကြီးမှ မြို့ဟောင်းဘူတာထိ မီးရထားရေိယာဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး စုပေါင်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထား (အထက်မြန်မာပြည်)မှ တာဝန်ရှိသူများ လိုက်ပါပြီး မြန်မာ့မီးရထားမှ RBE ရထားတွဲဖြင့် မန္တလေးဘူတာကြီးမှစတင်၍ မြို့ဟောင်းဘူတာထိ သံလမ်းဝဲယာဘေးတစ်လျှောက် မီးရထားရေိယာဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးဘူတာကြီးမှ ၃၅လမ်း ရန်ကြီးအောင်ခုံးကျော်နေရာနှင့် ရန်ကြီးအောင်ဈေး၊ ဆက်လက်၍ ၄၂ လမ်းခုံးကျော်နေရာနှင့် ၄၂ လမ်းဈေး၊ ၄င်းနောက်ရှမ်းစုဘူတာအနီးနှင့် ရှမ်းစုဘူတာ၊ ထိုမှတစ်ဆင့်မြို့ဟောင်းဘူတာအနီး ကံ့ရှာနေရာနှင့် မြို့ဟောင်းဘူတာနေရာများသို့ ရောက်ရှိစဉ် မြန်မာ့မီးရထား(အထက်မြန်မာပြည်) မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးကို လမ်းပိုင်းအလိုက် ဆောင်ရွက်နေမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သံလမ်းဝဲယာဘေးတစ်လျှောက် အမှိုက်များကင်းစင်ရန်နှင့် သန့်ရှင်းသပ်ရပ်ရန် အလေးထားဆောင်ရွက်သွားရေး၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများလျော့နည်းစေပြီး စနစ်တကျစွန့်ပစ်ရန်အသိပညာပေးခြင်းများ၊ စည်းရုံးဆောင်ရွက်ခြင်းများနှင့် လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အချင်းချင်း ပူးပေါင်းချိတ်ဆက်ကာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ အမှိုက်များစနစ်တကျ စွန့်ပစ်နိုင်ရန်လိုအပ်သည့်နေရာများတွင် ရွှေ့လျားအမှိုက်ကန်များချထားပေးရေး၊ ဈေးများတွင်ဈေးရောင်းချနေမှုများကို စနစ်တကျဖြစ်စေရေး၊ ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်ခြင်းများ၊ ဈေးရောင်းချခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၂၆/ ၂၀၂၄**

၁၃၈၅ပြည့်နှစ်၊တပို့တွဲလပြည့်ကျော် ၄ ရက်
(၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းအား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့်သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာ

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ရက်မှစ၍ ပုံနှိပ်ခြင်း၊ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ်သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရသက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း၆၀အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.comသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ပုသိမ်မြို့ရှိ တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံနှင့် တိုင်းရောအစာစပ်စက်ရုံ အစာထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

# ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ အပိုင်း(၃)

မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးတဲ့နိုင်ငံတွေအကြောင်းကိုတင်ဆက်နေတဲ့ ဗိုလ်ကြီး ဒေါ်အေးသဥ္စာကျော်ဖြစ်ပါတယ်။ ဒီတစ်ခါမှာလည်း ကျွန်မလေ့လာတွေ့ရှိရသမျှကို တင်ဆက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံလို့သတ်မှတ်ဖို့အတွက် ကျွန်မတို့မှာ အရည်အချင်းငါးပါးနဲ့ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါတွေကတော့ လူဦးရေ၊ နယ်မြေအပိုင်းအခြား၊ အချုပ်အခြာအာဏာ၊ အစိုးရနဲ့ နိုင်ငံတကာအသိအမှတ်ပြုမှုတို့ဖြစ်ပါတယ်။ ဒီလိုအချက်ငါးချက်လုံးနဲ့ ပြည့်စုံတဲ့နိုင်ငံမှာ ကျွန်မတို့ဟာနေထိုင်ကြတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ နေထိုင်ခဲ့ကြတဲ့နိုင်ငံဖြစ်ပါတယ်။ သမိုင်းအစဉ်အဆက် အထောက်အထားများနဲ့ ပြည့်စုံတဲ့ နိုင်ငံတစ်ခုလည်းဖြစ်တဲ့အပြင် မြစ်ချောင်းအင်းအိုင်တွေ၊ သယံဇာတတွေလည်းပေါကြွယ်ဝပါတယ်။ ဒါ့အပြင် ဗုဒ္ဓဘာသာသာသနာလည်း ထွန်းကားတဲ့တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီဝင်နိုင်ငံရေးအရ အချက်အချာကျတဲ့ မဟာဗျူဟာကျတဲ့ အနေအထားမှာလည်း တည်ရှိပါတယ်။ ဒီလိုနိုင်ငံကို ကျွန်မတို့မှာ ဘိုးဘေးဘီဘင်အဆက်ဆက်ကတည်းက စတင်နေထိုင်ခဲ့ပြီးတော့ကျွန်မတို့လက်ထက်မှာလည်း ဒီနိုင်ငံတော်ကြီး မည်သို့မည်ပုံ မည်သည့်အကြောင်းကြောင်းနဲ့မှ ပြိုကွဲသွားခြင်းမရှိအောင်လို့ ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်ရှင်။ ဒီနေ့မှာလည်း သူများနိုင်ငံတွေမှာကျင့်သုံးနေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း Knowledge Sharing မလုပ်ခင်မှာ ကျွန်မတို့နိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကို ကျွန်မအနည်းငယ်စီ တင်ဆက်ပေးလိုပါတယ်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ပြည်သူ့စစ်မှုထမ်းဆိုတဲ့ အဓိပ္ပာယ်လေးကို ကျွန်မစတင်ရှင်းပြချင်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းဆိုတာက ဒါစစ်မှုထမ်းဆောင်မယ့် နိုင်ငံသားကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဆိုရင် မြန်မာနိုင်ငံဖြစ်တဲ့အတွက် စစ်မှုထမ်းဆောင်မယ့်မြန်မာနိုင်ငံသားပေါ့ရှင်။ ဒီလိုမျိုးကိုခေါ်ဆိုတာဖြစ်ပါတယ်။ ဒီကျွန်မတို့နိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဆောင်ရမယ့် အသက်အရွယ်အပိုင်းအခြားတွေကတော့ ယောကျ်ားလေးဆိုရင် အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိလည်းကောင်း၊ မိန်းကလေးဆိုရင် အသက် ၁၈ နှစ်ကနေ ၂၇ နှစ်အထိလည်းကောင်း တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်ဖြစ်ခဲ့မယ်ဆိုရင်တော့ ယောကျ်ားလေးဟာ အသက် ၁၈ နှစ်ကနေ ၄၅ နှစ်အထိ တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီးတော့ မိန်းကလေးဆိုလို့ရှိရင်တော့ အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်လို့ပြောတဲ့နေရာမှာလည်း ကျွမ်းကျင်ပညာရှင်ဆိုတာဘာလဲ ဒီလိုမျိုးစိတ်ဝင်စားကြတာရှိပါတယ်။ ကျွမ်းကျင်ပညာရှင်ဆိုတာလည်း ကျွန်မရှင်းပြပါမယ်။ ကျွမ်းကျင်ပညာရှင်ဆိုတာက ဆရာဝန်တို့ အင်ဂျင်နီယာတို့ စက်မှုဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို တတ်တဲ့သူတို့ ဒါမှမဟုတ်လို့ရှိရင် အခြားအတတ်ပညာတစ်ခုခုနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတဲ့သူတွေကို ကျွမ်းကျင်ပညာရှင်လို့ ခေါ်တာဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ရမယ့်ကာလတွေကတော့ ၂၄ လ၊ နှစ်နှစ်ပေါ့ရှင်။ နှစ်နှစ်တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေအနေနဲ့ကတော့ ၃၆ လ၊ သုံးနှစ်တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ တကယ်လို့ နိုင်ငံတော်မှာအရေးပေါ်အခြေအနေ ဖြစ်လာပြီဆိုရင်တော့ နိုင်ငံသားအားလုံး ပြည်သူ့စစ်မှုထမ်းနေတဲ့ နိုင်ငံသားအားလုံးဟာ ငါးနှစ်တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်တဲ့သူတွေကတော့ သာသနာ့ဝန်ထမ်းတွေ၊ အိမ်ထောင်သည်အမျိုးသမီးတွေ၊ ဒါပေမဲ့ အိမ်ထောင်ကွဲသွားရင်တောင်မှ သူတို့မှာ သားတွေသမီးတွေရှိတယ်ဆိုတဲ့ အမျိုးသမီးတွေ၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူတွေ၊ တပ်မတော်စစ်ဆေးရေးဘုတ်အဖွဲ့ကနေပြီးတော့ စစ်မှုထမ်းဆောင်ရန်မသင့်လို့ စစ်ဆေးတွေ့ရှိတဲ့သူတွေ၊ ပြည်သူ့စစ်မှုထမ်းဗဟိုအဖွဲ့ကနေပြီးတော့ အမိန့်ထုတ်ပြန်ပြီးတော့ ဒါကင်းလွတ်ကြောင်း ထုတ်ပြန်ကြေညာထားတဲ့သူတွေပေါ့နော်။ ဒီလိုလူတွေကတော့ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကနေကင်းလွတ်မှာဖြစ်ပါတယ်။ ဒါတွေကတော့ ပြည်သူတွေသိချင်နေကြတဲ့ မြန်မာနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကအကြောင်းအရာ အချက်အလက်တချို့ကို ကျွန်မပြောပြခြင်းပဲဖြစ်ပါတယ်။



ဒီနေ့ကျွန်မတို့လေ့လာရမယ့် နိုင်ငံကတော့ ထိုင်းနိုင်ငံဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ ကျွန်မတို့နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့အပြင် ဗုဒ္ဓဘာသာသာသနာလည်း ထွန်းကားတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၁၉၅၄ ခုနှစ်ကတည်းက စတင်ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့ အသက်အရွယ်အပိုင်းအခြားတွေကတော့ သူတို့ဟာ အသက် ၁၇ နှစ်ပြည့်ပြီဆိုတာနဲ့ သူတို့ရဲ့ရပ်ရွာဇာတိမြို့တွေနဲ့ သက်ဆိုင်တဲ့ပေါ့နော် ဒီမြို့နယ်တွေ၊ ခရိုင်တွေမှာရှိတဲ့ စစ်သားစုဆောင်းရေးဌာနတွေဆီမှာသွားပြီးတော့ မဖြစ်မနေ အရန်အင်အားစာရင်းသွင်းဖို့အတွက် မှတ်ပုံတင်ရပါတယ်။ ဒီအချိန်မှာ တပ်မတော်ကနေပြီးတော့ ဒီစစ်မှုထမ်းအင်အားခေါ်ပြီဆိုလို့ရှိရင် သူတို့တွေကဒီစစ်မှုထမ်းဆောင်ဖို့ မထမ်းဆောင်ဖို့ကို မဲနှိုက်ရွေးချယ်အတည်ပြုကြရတာဖြစ်ပါတယ်။ ဒီမဲနှိုက်ရွေးချယ်တဲ့နေရာမှာလည်း သူတို့က အနီမဲနဲ့အနက်မဲဆိုပြီး နှစ်မျိုးရှိပါတယ်။ ဒီအနီမဲဆိုရင်တော့ အနီမဲကိုနှိုက်မိတဲ့ အရန်အင်အားစာရင်းဝင်နေတဲ့သူတွေကတော့ စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ အနက်မဲကိုနှိုက်ခဲ့တဲ့သူဆိုရင်တော့ သူတို့ကတော့ စစ်မှုထမ်းဆောင်ခြင်းကနေ ကင်းလွတ်မှာဖြစ်ပါတယ်။ ဒီလိုအနက်မဲကို နှိုက်မိလိုက်တဲ့သူတွေက ဒီတစ်ကြိမ်မှာပဲ စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်မှာမဟုတ်ဘဲနဲ့ သူဟာနောက်တစ်ကြိမ်လည်း ပြန်နှိုက်စရာမလိုတော့ပါဘူး။ သူဟာစစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်မှာဖြစ်ပါတယ်။ ဒီလိုအကြောင်းအရာနဲ့ပတ်သက်တဲ့ ဗီဒီယိုဖိုင်လေးတွေကိုလည်း လူမှုကွန်ရက်စာမျက်နှာပေါ်တွေမှာ မြင်တွေ့နေရတာတွေရှိပါတယ်။ တချို့တွေကလည်း ရွေးချယ်ခံရတာမှာ ပုံမှန်အတိုင်းရွေးချယ်ခံကြတယ်။ တချို့တွေကလည်း အရွေးချယ်ခံရတဲ့အပေါ်မှာမူတည်ပြီး စိတ်ပျက်သွားတာမျိုးတွေပေါ့နော်။ သူတို့ဒါမျိုးလေးတွေလည်း တွေ့ရတာမျိုးတွေရှိပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ဒါတွေ့ဖူးကြမှာပါ။ အရန်အင်အားစာရင်းသွင်းထားတဲ့ လူတွေဟာ ဒီစစ်မှုစတင်ထမ်းဆောင်မယ့်အချိန်မှာတော့ သူတို့ဟာ အသက် ၂၁ နှစ်ပြည့်တဲ့အချိန်မှာ စစ်သင်တန်းကာလ ခြောက်လအပါဆိုရင် နှစ်နှစ်တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ တချို့တွေကတော့ ဆန္ဒရှိတယ်ဆိုရင်တော့ အသက် ၁၈ နှစ်ပြည့်ကတည်းက စတင်တာဝန်ထမ်းဆောင်လို့ရပါတယ်။ သူတို့နဲ့ပတ်သက်ပြီး အဆင့်၊ ရာထူး သတ်မှတ်ချက်နဲ့ပတ်သက်ပြီး သူတို့ကို ဒီနှစ်နှစ်လုံးမှာ တပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်စေတာဖြစ်ပါတယ်။ ဒီတပ်သားအဆင့်ကိုမှ သူတို့ရဲ့ ပညာအရည်အချင်းအလိုက် ဒီတပ်သားအဆင့်မှာ သူတို့ရဲ့ ပညာအရည်အချင်းကကောင်းတဲ့သူဆိုရင် ဒါ ရုံး၊ ဌာနတွေမှာ တာဝန်ပေးတယ်။ ပညာအရည်အချင်းနည်းသူတွေကတော့ သူတို့ကို သန့်ရှင်းရေးတို့၊ လုပ်အားပေးတို့၊ အထွေထွေတာဝန်တို့မှာ တာဝန်ပေးလေ့ရှိပါတယ်။ တပ်ရင်းတပ်ဖွဲ့အလိုက် တာဝန်ချထားမှုနဲ့ပတ်သက်လို့ သူတို့ရဲ့ပင်ကိုအရည်အသွေး၊ အရည်အချင်းတွေကို ပြည့်ပြီးတော့ သူတို့ဇာတိရှိတဲ့နေရာကတပ်တွေမှာသင့်တော်သလို တာဝန်ချထားပေးတာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဘဝနဲ့ တာဝန်ထမ်းဆောင်နေရင်း တချို့တွေကလည်း အမြဲတမ်းစစ်မှုထမ်းဘဝသို့ ပြောင်းလဲ တာဝန်ထမ်းဆောင်လိုသူများလည်းရှိပါတယ်။ ဒီလိုတာဝန်ထမ်းဆောင်ချင်တဲ့အချိန်မှာ သူတို့ကအခြေခံစစ်ပညာသင်တန်းခြောက်လပြီးတဲ့အခါမှာ တစ်ဆင့်မြင့်ရာထူးရရှိရေးအတွက် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီစာမေးပွဲကိုအောင်မြင်ရင် သူတို့က ဗဟိုသင်တန်းကျောင်းမှာ တစ်နှစ်ခန့်သင်တန်းတက်ရောက်ရမှာဖြစ်ပါတယ်။ ဒီသင်တန်းတက်ပြီးလို့ရှိရင်တော့ ဒုတိယတပ်ကြပ်အဆင့်နဲ့ တာဝန်စတင်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒုတိယတပ်ကြပ်အဆင့်နဲ့ ခြောက်လကြာပြီးပြီဆိုရင်တော့ တပ်ကြပ်အဆင့်နဲ့တာဝန်စတင်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒီပုံစံနဲ့ပဲ သူတို့က သူတို့ရဲ့ ရုံး၊ ဌာနတွေမှာ တာဝန်ထမ်းဆောင်မယ်။ တာဝန်ထမ်းဆောင်နေရင်းနဲ့ပဲ သူတို့ရုံး၊ ဌာနအလိုက် အဆင့်တိုးစာမေးပွဲတွေကိုဖြေဆိုရင်းနဲ့ တပ်ကြပ်ကြီးရာထူးကိုရရှိမှာဖြစ်ပါတယ်။ ဒီတပ်ကြပ်ကြီးရာထူးနဲ့ နှစ်နှစ် ဒါမှမဟုတ်ရင် သုံးနှစ်လောက်ပေါ့နော်။ ဒီသုံးနှစ်လောက်မှာဆိုရင် သူတို့ဟာ သူတို့ရုံး၊ ဌာနတွေရဲ့လစ်လပ်အင်အားစာရင်းအပေါ်မူတည်ပြီးတော့ သူတို့ဟာ ဒုတိယအရာခံဗိုလ်ပေါ့နော်။ ဒုတိယအရာခံဗိုလ် ရာထူးကိုရရှိပါတယ်။ ဒီဒုတိယအရာခံဗိုလ်ရာထူးနဲ့ လေးနှစ် သို့မဟုတ် ငါးနှစ်လောက် တာဝန်ထမ်းဆောင်ပြီးသွားတဲ့အခါမှာ သူတို့ဌာနရဲ့ နေရာလစ်လပ်မှုပေါ်မှာ မူတည်ပြီးတော့ သူတို့က အရာခံဗိုလ်ရာထူးကို ရရှိတာဖြစ်ပါတယ်။ ဒုတိယတစ်ချက်က အရာခံဗိုလ်ရတဲ့အထိ ဒီရှစ်နှစ်အတွင်းမှာရရှိခဲ့မယ်ဆိုရင် သူတို့တွေဟာအရာရှိသင်တန်းကို တက်ခွင့်ရပါတယ်။ အဲ့ဒီတော့ ဝင်ခွင့်စာမေးပွဲဖြေရပါတယ်။ ဝင်ခွင့်စာမေးပွဲမှာ အောင်လို့ရှိရင် သူတို့က အရာရှိသင်တန်းကို ခြောက်လတက်ရပါတယ်ရှင့်။ ဒီခြောက်လကနေပြီးတော့ သင်တန်းဆင်းလာရင် သူတို့က ဒုတိယဗိုလ်အဆင့်နဲ့ တာဝန်ထမ်းဆောင်ရပါတယ်။ ဒုတိယဗိုလ်အဆင့်နဲ့ နှစ်နှစ် လေးလကြာတဲ့အချိန်မှာ သူတို့က ဗိုလ်အဖြစ်နဲ့တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ ဒီဗိုလ်အဖြစ်နဲ့တာဝန်ထမ်းဆောင်ပြီးတော့ သုံးနှစ်ကြာတဲ့အချိန်မှာ ဗိုလ်ကြီးအဖြစ်သို့ တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ ရုံးဌာနတွေမှာရှိတဲ့ လုပ်သက်ရင့်အရာခံဗိုလ်တွေအနေနဲ့ အသက် ၅၅ နှစ်ပြည့်ပြီဆိုတာနဲ့ အရာရှိဝင်ခွင့်စာမေးပွဲကို ဖြေဆိုစရာမလိုဘဲနဲ့ ဒုတိယဗိုလ်အဆင့်ကို တိုးမြှင့်ခြင်းခံရမှာဖြစ်ပါတယ်။ သူတို့က ဒုတိယဗိုလ်အဖြစ်နဲ့ သုံးနှစ်နေပါတယ်။ သုံးနှစ်နေပြီးတာနဲ့ ဗိုလ်အဆင့်သို့တိုးမြှင့်ပေးပါတယ်။ ဒီဗိုလ်အဆင့်နဲ့ပဲ သူတို့က ပင်စင်ယူကြတာဖြစ်ပါတယ်။ ဒုတိယတပ်ကြပ်ကနေ အရာခံဗိုလ်အထိကတော့ သူတို့ရဲ့ စစ်လက်ရုံးအလိုက် ခြေလျင်အခြားအဆင့်အခြေခံသင်တန်းနဲ့ အဆင့်မြင့်သင်တန်းတွေကိုတက်ရောက်ရမှာဖြစ်ပါတယ်။ အရာရှိတွေဟာဆိုရင်လည်း သူတို့ရဲ့ သက်ဆိုင်ရာစစ်လက်ရုံးအလိုက် အရာရှိအခြေခံသင်တန်းတွေနဲ့ အဆင့်မြင့်သင်တန်းတွေ စစ်ဦးစီးတက္ကသိုလ်ကိုလည်းတက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မလေ့လာထားတဲ့ ထိုင်းနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ရာရဲ့တန်ဖိုးဆုံးရှုံးသွားကာမှ သိကြတာများပါတယ်။ ဒါသဘာဝပါပဲ။ ကျွန်မတို့မမွေးခင်က ကျွန်မတို့ဘိုးဘေးတွေဟာလည်း ဒီလွတ်လပ်ရေးရဲ့တန်ဖိုးကို သူတို့ဆုံးရှုံးသွားမှ သိခဲ့ရတာဖြစ်ပါတယ်။ ဒီအတွက် သမိုင်းကပေးတဲ့သင်ခန်းစာကို ယူရမယ်။ သမိုင်း မအဖို့လိုတယ်။ သမိုင်းကျေဖို့လိုပါတယ်။ လွတ်လပ်ရေးရဲ့တန်ဖိုး၊ လွတ်လပ်မှုရဲ့တန်ဖိုးကို ကျွန်မတို့ဘိုးဘွားတွေတုန်းကလိုပဲ ဆုံးရှုံးသွားမှ တန်ဖိုးသိခြင်းမဖြစ်ရလေအောင် ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတိုင်းကလည်း အသိသတိရှိရှိနဲ့ ကာကွယ်သွားကြရမှာဖြစ်ပါတယ်။ ဒီနေ့ကတော့ ဒီလောက်ပဲဖြစ်ပါတယ်။ နောက်နေ့များမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေတဲ့ တခြားနိုင်ငံတွေအကြောင်းကို ဆက်လက်တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်နည်းပညာတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်အပါအဝင် သုံးဦးကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ထားဝယ်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် အပါအဝင် ၃ ဦးအား PDF အကြမ်းဖက်သမားများက လာရောက်ဖမ်းဆီးခဲ့သည့်နေရာပြပုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားမဲ့စွာဖြင့် နည်းမျိုးစုံအသုံးပြုလျက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊လက်နက်ငယ်များဖြင့် နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဘုရားမဲကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀ ခန့်အကွာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာ၏တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းအဖွဲ့သည် နည်းပညာတက္ကသိုလ်(ထားဝယ်)အတွင်းသို့ ဝင်ရောက်ကာ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်အောင်အပါအဝင် သုံးဦးကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ ကျောင်း၏အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသော ပညာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဆရာ၊ ဆရာမများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော ဆရာ၊ ဆရာမများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝဒေးတံတားထိပ်တွင် ပြည်ဘက်မှ ပန်းတောင်းဘက်သို့ ယာဉ်မောင်းဟိန်းပိုင်ဦး(ခ) ကိုပိုင်(ခ) သားညီ မောင်းနှင်လာသည့် ISUZU Light Truck မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် အိမ်သုတ်ဆေးပုံးများနှင့် Compressor လေအိုးတို့အတွင်း သို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ည ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပုသိမ်- မုံရွာသွားကားလမ်း မိုင်တိုင်အမှတ် ၂၀၅ အနီးတွင် အောင်ကိုလတ်၊ ဇော်မြင့်(ခ)ရေခဲနှင့် လင်းလင်းထိုက်တို့ သုံးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သိန်း၊ Bighorn မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်လှကို မင်းတုန်းမြို့ တည်းခိုခန်း၌ လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် နယ်စပ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျောက်ဖြူမြို့နယ် ကျောက်တလုံးကယ်ဆယ်ရေးစခန်းမှ မွတ်စလင်အမျိုးသား ၁၀၇ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်တလုံး ကယ်ဆယ်ရေးစခန်းမှ အသက် ၁၈နှစ်နှင့် ၃၅နှစ်ကြား မွတ်စလင်အမျိုးသား ၁၀၇ ဦးကို ဖေဖော်ဝါရီ ၂၇ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းမှားများကို ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ကျောက်ဖြူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တလုံးကယ်ဆယ်ရေးစခန်းမှ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား မွတ်စလင်အမျိုးသား ၁၀၇ ဦးကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းမှားများဖြစ်ပြီး ၎င်းတို့ကို ဖမ်းဆီးထားခြင်းမရှိကြောင်း သိရှိရသည်။

AA သောင်းကျန်းသူများအနေဖြင့် မွတ်စလင်ကျေးရွာများကို တပ်မတော်နှင့် ပူးပေါင်းခြင်းမရှိရန်၊ ၎င်းတို့ထံပါဝင်ရန် ခြိမ်းခြောက်ပြောဆိုလျက်ရှိပြီး ကျေးရွာအချို့ကို ဒလန်ဟုစွပ်စွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် တပ်မတော်က မွတ်စလင် လူမှုကူညီရေးအသင်းများနှင့်ပူးပေါင်းပြီး ပြန်လည်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မွတ်စလင်များကို တပ်မတော်က စစ်သားစုဆောင်းနေကြောင်း ကောလာဟလ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thuzar Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၉)ရပ်ကွက်နေ သူဇာထွေးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ 'Min Thura' Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်နေ မင်းသူရကျော်(ခ) အငယ်ကောင်အား ယနေ့နံနက် ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



# အစွဲ၏အလွှန်

မိုးဆု(မြညာရေး)

(၁)

"ဇော်ထက် မင်းပြန်လာပြီလား"

တစ်ရပ်ကွက်လုံးက လူများသည် တစ်လမ်းလုံး သူ့ကို ဂရုမစိုက်ခဲ့သမျှ သူငယ်ချင်းအောင်တိုး၏ နှုတ်ဆက်စကားကြောင့် ဇော်ထက် အားရှိခဲ့ရသည်။

"အေးကွာ ငါလဲအလုပ်တွေအခုမှပြီးလို့ ပြန်လာနိုင်တာကွာ။ ဟိုမှာက ဖုန်းလိုင်းလဲမကောင်း နောက်ပြီး အလုပ်ကလဲ တစ်ခုပြီးတစ်ခု ပြောင်းနေတာနဲ့ မိသားစုကို နှစ်နှစ်လောက်အဆက်အသွယ် ဖြတ်သလိုဖြစ်သွားတယ်ကွာ။ ဒါကြောင့်ထင်တယ် ရပ်ကွက်ထဲကလူတွေ ငါနှုတ်ဆက်တာတောင် တစ်ယောက်မှပြန်နှုတ်မဆက်ကြဘူး"

ဇော်ထက်၏ ပြောစကားများကို အောင်တိုးသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ဇော်ထက်တို့ နေထိုင်သည့်ရပ်ကွက်ထဲက လူများသည် မိသားစုရင်းများကဲ့သို့ တစ်ဦးနှင့်တစ်ဦးကူညီစောင့်ရှောက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက်ဆွေမျိုးကင်းသူများကလည်း ခပ်ရှားရှားပင်ဖြစ်သည်။ ထို့ကြောင့်ပင် ဇော်ထက်သည် မိန်းမနှင့်သားဖြစ်သူကို စိတ်ချလက်ချဖြင့်ထားခဲ့ပြီး နယ်စပ်တွင်အလုပ်လုပ်ရန်သွားခဲ့ခြင်းဖြစ်သည်။

ရောက်စက မိသားစုနှင့် အဆက်အသွယ်ရှိသော်လည်း အခက်အခဲနှင့် အကြောင်းအမျိုးမျိုးကြောင့် မိသားစုနှင့် အဆက်အသွယ်ပြတ်ခဲ့ရသည်။ ယခုအခါဇော်ထက်သည်ပိုက်ဆံရှာရသည်ကလည်း အဆင်မပြေတော့သောကြောင့် အခက်အခဲများကြားမှပင် မိသားစုဆီသို့ ပြန်လည် အရောက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ဇော်ထက်သည် မိန်းမနှင့်သားဖြစ်သူကို အလွန်တန်ဖိုးထား၍ ချစ်မြတ်နိုးသူဖြစ်သည်။ မည်သို့ပင်ဆိုစေ မည်သူကမည်ကဲ့သို့ အထင်လွဲပါစေ သူ၏သစ္စာစောင့်သိမှုကို သူအသိဆုံးပင်ဖြစ်သည်။ ထို့ကြောင့်ပင် အရာအားလုံးကို ဥပေက္ခာပြုကာ မိသားစုရှိရာအိမ်လေးသို့ တန်းတန်းမတ်မတ်သွားခဲ့တော့သည်။

(၂)

အိမ်ရှေ့သို့အရောက်မှာပင် ခြံဝ၌ လေးနှစ်အရွယ် ကလေးတစ်ယောက် ဆော့ကစားနေသည်ကို တွေ့လိုက်ရသည်။ ထိုကလေး၏မျက်နှာကိုသေချာသတိထားကြည့်လိုက်တော့ သူ၏သားလေးပင်ဖြစ်သည်။ သူအလုပ်သွားလုပ်စဉ်က သားလေးသည် နှစ်နှစ်အရွယ်သာရှိသေးသည်။ ထိုစဉ်မှာပင် ချစ်စရာကောင်းသော သားလေးဆီကအသံကို ကြားလိုက်ရသည်။

"ဟေး. . . ဖေဖေပြန်လာပြီ"

သားလေးသည် အသံနှင့်အတူ သူ့ထံသို့ပြေးလာသည်။ သူလည်း ဒူးထောက်ထိုင်ချလိုက်ကာ မျက်လုံးအစုံကိုမှိတ်လိုက်ပြီး သူ၏ရင်အစုံကိုဖွင့်ပေးလိုက်သည်။ မည်သို့သော အထိအတွေ့ကိုမှ မခံစားရသောကြောင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ သားလေးသည် သူ့ကိုကျော်ကာ အမျိုးသားတစ်ဦးထံသို့ပြေးသွား၍ ကြိုဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ဇော်ထက်လည်း မလှမ်းမကမ်းမှ သစ်ပင်နောက်သို့ ပြေးဝင်ပုန်းလိုက်သည်။ ထိုစဉ်မှာပင် သူ၏မိန်းမဖြစ်သူ သီတာဝင်းသည် သားလေးနှင့်ပါလာသော အမျိုးသားဖြစ်သူထံမှအိတ်ကိုယူ၍ ပြုံးရွှင်စွာအိမ်ထဲသို့ ဝင်သွားတော့သည်။ သူလည်း နားလည်ရခက်သောပုစ္ဆာတစ်ပုဒ်ကို မြင်တွေ့လိုက်ရသည့်ပမာ ဆွံ့အသွားခဲ့ရသည်။ သူကသာ သစ္စာစောင့်သိသော်လည်း မိန်းမဖြစ်သူသည် နောက်အိမ်ထောင်တည်ဆောက်ပြီး ပျော်ရွှင်နေပြီဖြစ်သည်။ သားဖြစ်သူကလည်း ထိုအမျိုးသားကိုပင် ဖေဖေဟုခေါ်ဆိုနေခဲ့သည်။ သူလည်း ကမန်းကတန်းသွားပြီး ဖြေရှင်းချင်သော်လည်း သူ၏ပေါ့လျော့မှု၊ တာဝန်မကျေမှုတို့ကလည်းရှိသေးသည်မို့ စိတ်ကိုလျှော့ကာ ပြန်လည် ကျောခိုင်းထွက်လာခဲ့သည်။ မျက်ဝန်းအိမ်မှ ရစ်ဝဲလာသောမျက်ရည်စတို့ကို မသိမသာသုတ်ရင်း ခြေဦးတည့်ရာသို့ထွက်ခဲ့တော့သည်။

(၃)

"အဲဒီလူနာမည်က ချစ်ဝင်း။ သူကရုံးတစ်ခုက စာရေး။ ရှိုးသားပြီး လူချစ်လူခင်လဲများတယ်။ နောက်ပြီး သီတာဝင်းတို့သားအမိအပေါ်လဲ တကယ် မေတ္တာရှိရှာပါတယ်။ မင်းက အချိန်အတော်ကြာတဲ့ထိ ပြန်မလာဘူးလေ။ ဒါကြောင့် လူကြီးတွေက စီစဉ်သင့်တာစီစဉ်ပေးလိုက်တာပါ။ တကယ်တော့ သီတာဝင်းကလဲ မင်းကိုအချိန်တစ်ခုထိတော့ စောင့်ပါသေးတယ်"

တဒင်္ဂအတွင်းမှာပင် မြင်တွေ့ခဲ့ရသော ချစ်ဝင်းဆိုသောသူသည် လူကောင်းတစ်ယောက် ဖြစ်နိုင်မှန်း သတိထားမိသည်။ သူ၏လူပျိုဘဝကိုပင် မငဲ့ကွက်ဘဲ သီတာဝင်းတို့သားအမိအပေါ် ကူညီစောင့်ရှောက်ပေးထားမှန်း ဇော်ထက်နားလည်သည်။ အရာအားလုံးသည် မိမိ၏အပြစ်ဟုသာ ဇော်ထက် ခံယူလိုက်ပါတော့သည်။ ထို့ကြောင့်ပင် သူ၏လာရာလမ်းကိုသာ ပြန်လှည့်ရန် ဆုံးဖြတ်လိုက်တော့သည်။

"ငါ အဝေးဆုံးကို ထွက်သွားတော့မယ်ကွာ။ ငါ့ကိုမြင်ရင် သူတို့မိသားစုရဲ့ပျော်ရွှင်နေတဲ့ဘဝလေး ဖျက်ဆီးသလိုဖြစ်သွားလိမ့်မယ် အောင်တိုး"

"မင်း ဘယ်မှသွားစရာမလိုပါဘူးကွာ။ မင်းကြောင့်လဲ သူတို့မိသားစု ဘယ်တော့မှပြဿနာဖြစ်မှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အေး ဘာဖြစ်လို့လဲသိချင်ရင် မနက်ဖြန် ငါ့အိမ်လိုက်ခဲ့။ အဖြေအားလုံးရှင်းသွားလိမ့်မယ်။ အခုတော့ မြန်လို့အဆင်မပြေသေးဘူး။ လမ်းထိပ်ကဇရပ်မှာပဲ စကားပြောရင်း စတည်းချကြတာပေါ့ကွာ"

ဇော်ထက်လည်း အောင်တိုးခေါ်ဆောင်ရာ နောက်သို့ စိတ်မပါလက်မပါဖြင့်လိုက်ခဲ့သည်။ သူ၏အတွေးထဲတွင်ရှိနေသည်က အားလုံး၏အဝေးကိုထွက်သွားရန်သာဖြစ်သည်။

(၄)

အောင်တိုး၏အိမ်ရှေ့သို့ရောက်တော့ မဏ္ဍပ်နှင့် လူအများကြီးကိုတွေ့လိုက်ရသည်။

"အောင်တိုး။ မင်းအိမ်မှာအလှူရှိတာ အခုမှပြောရလားကွာ"

ဇော်ထက်သည် ဝမ်းသာအားရဖြင့်ပြောလိုက်သော်လည်း အောင်တိုးသည် ဘာမှပြန်မပြောဘဲ မျက်ရည်များဖြင့် ငိုကြွေးနေသည်ကို တွေ့လိုက်ရသည်။

"ဟင် အောင်တိုး။ မင်း ငိုနေတယ်။ ဘာဖြစ်လို့လဲ"

သူ၏အမေးကို အောင်တိုးသည် ဘာတစ်ခွန်းမှမတုံ့ပြန်ဘဲ နေရာတစ်ခုသို့ လက်ညှိုးညွှန်ပြလိုက်သည်။ သူလည်းထိုနေရာသို့ တစ်လှမ်းချင်းလျှောက်ပြီး သွားကြည့်လိုက်သည်။

"ဟင်"

နာရေးဆိုင်းဘုတ်ကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။ ပို၍ ထိတ်လန့်သွားစေခဲ့သည်မှာ ထိုနာရေးသည် အောင်တိုး၏နာရေးဖြစ်နေခြင်းပင်။

"အောင်တိုး။ မင်း မင်းက ဒါဆို"

"ဟုတ်တယ် ဇော်ထက်။ ငါက လွန်ခဲ့တဲ့တစ်ပတ်ကတည်းက သေခဲ့ပြီးပြီ။ ဒီနေ့ ငါ့ရဲ့ရက်လည်"

"ဟင် ဒါဆို ငါက မင်းကို ဘာဖြစ်လို့မြင်ရတာလဲ"

အောင်တိုး၏စကားသည် သူ့အတွက် အသက်ရှုရပ်လောက်အောင်ပင် ဖြစ်တည်စေခဲ့ရသည်။ ထို့ကြောင့်ပင် တုန်ယင်စွာမေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် ဇော်ထက်။ မင်းက လွန်ခဲ့တဲ့တစ်လလောက်ကတည်းက သေခဲ့တာလေ"

"ဘာ"

အောင်တိုး၏စကားကြောင့် သူဘာမျှပြန်မပြောနိုင်အောင်ပင်ဆွံ့အခဲ့ရသည်။ ထို့နောက် လွန်ခဲ့သောတစ်လကျော်ဆီသို့ ပြန်လည်စဉ်းစားကြည့်လိုက်သည်။ သူသည် နယ်စပ်မှရန်ကုန်သို့ပြန်အလာ သူစီးခဲ့သောခရီးသည်တင်ယာဉ်သည် ရန်ကုန်အဝင်တွင် ကုန်တင်ယာဉ်တစ်စီးနှင့်တိုက်မိရာမှ ခရီးသွားအတော်များများ ဆေးရုံရောက်ခဲ့သည်။ သူ ဘယ်နှရက်ကြာအောင် သတိမေ့သွားသည်လည်း မသိ။ သူသတိရလာတော့ ဆေးရုံကမည်သူမှမသိအောင် အိမ်သို့ ကုန်တင်ယာဉ်တစ်စီးကနေ မသိအောင်လိုက်ပြီးပြန်ခဲ့သည်။ သူဖြစ်ပျက်ခဲ့သော ရက်ပိုင်းလောက်ထင်မှတ်ရသောအချိန်သည် နှစ်လကျော်လောက်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အရာအားလုံးကို သူနားလည်လက်ခံလိုက်သလို ရပ်ကွက်ထဲကလူများ သူ့ကိုမမြင်တွေ့နှုတ်မဆက်ခြင်းကိုလည်း သဘောပေါက်ခဲ့ရတော့သည်။

"ဟုတ်တယ် ဇော်ထက်။ မင်းရဲ့နာရေးကို သီတာဝင်း အကောင်းဆုံးစီစဉ်ခဲ့သလို အတော်လဲခံစားခဲ့ရတာပါ။ အခု သီတာဝင်း နောက်အိမ်ထောင်ပြုတာလဲ"

"ရတယ် အောင်တိုး။ ငါအရာအားလုံးကို နားလည်ပါပြီ။ ငါတို့ရဲ့အစွဲတွေကြောင့် ငါတို့ ဒီဘဝကိုရောက်နေရတယ်ဆိုတာလဲ နားလည်ပါပြီ"

"ဟုတ်တယ် ဇော်ထက် စွဲလမ်းတပ်မက်ခြင်းဆိုတဲ့ မီးအပူက ငါတို့အတွက် ထိခိုက်ဆုံးရှုံးခြင်းတွေကိုသာ ပိုင်ဆိုင်စေခဲ့တယ်လေ။ အဲဒီအစွဲတွေရဲ့ အလွန်က ငါတို့တွေ ရုန်းထွက်နိုင်အောင် ကြိုးစားမှဖြစ်မယ် ဇော်ထက်"

အောင်တိုး၏ပြောစကားများကို မျက်ရည်များကြားမှပင် သူခေါင်းညိတ်လိုက်သည်။ အစွဲ၏အလွန်တွင် ရပ်တည်နေသမျှ လွတ်မြောက်ခြင်းများကိုရရှိနိုင်မည်မဟုတ်မှန်းလည်း သဘောပေါက်မိတော့သည်။ မိသားစုကို မမေ့နိုင်သေးသော်လည်း မေ့ပျောက်အောင် ကြိုးစားရတော့မည်။ ထိုစဉ်မှာပင် အောင်တိုး၏အိမ်ပေါ်မှ လူအများ၏တညီတညွတ်တည်း ရွတ်ဆိုသံကိုကြားလိုက်ရသည်။

"ကွယ်လွန်သူအောင်တိုးနှင့်တကွ အားလုံးကြားကြသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

အောင်တိုးနှင့်အတူ ဇော်ထက်လည်း မျက်စိစုံမှိတ်ကာ တရားသံကိုအာရုံပြုလျက် သာဓုသံပြိုင်ခေါ်ဆိုလိုက်ပါတော့သည်။

"သာဓု သာဓု သာဓု"

❖ "ဟုတ်တယ် ဇော်ထက်။ စွဲလမ်းတပ်မက်ခြင်းဆိုတဲ့ မီးအပူက ငါတို့အတွက် ထိခိုက်ဆုံးရှုံးခြင်းတွေကိုသာပိုင်ဆိုင်စေခဲ့တယ်လေ။ အဲဒီအစွဲတွေရဲ့အလွန်က ငါတို့တွေ ရုန်းထွက်နိုင်အောင် ကြိုးစားမှဖြစ်မယ် ဇော်ထက်"အောင်တိုး၏ပြောစကားများကို မျက်ရည်များကြားမှပင် သူခေါင်းညိတ်လိုက်သည်။ အစွဲ၏အလွန်တွင် ရပ်တည်နေသမျှ လွတ်မြောက်ခြင်းများကို ရရှိနိုင်မည်မဟုတ်မှန်းလည်း သဘောပေါက်မိတော့သည်။ ❖

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၆၅၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၆၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၆၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မတ်ပဲ ၂၁၆၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မတ်ပဲကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေကို ကူညီပံ့ပိုးပေးနေပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရာသီအမီ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မတ်ပဲ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မတ်ပဲတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မတ်ပဲအပါအဝင် ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲစင်းငုံ၊ ပဲကြီး၊ ငရုတ် စသည့်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ မတ်ပဲအပါအဝင် ဆောင်းသီးနှံများအတွက်နှုန်းကောင်းစေရန်၊ ထွက်ရှိလာသည့် ဆောင်းသီးနှံများ အရည်အသွေးကောင်းစေရန်၊ သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရန်စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လယ်ဝေးမြို့နယ် ကြို့ဇလုပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ဝေးမြို့နယ် ကြို့ဇလုပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်၊ လယ်ဝေးခရိုင်နှင့် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကြို့ဇလုပ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဦးစီးမှူး ဦးရန်မျိုးနိုင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကြို့ဇလုပ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆ ဒသမ ၁၂၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကျောက်ရောမြေခင်းခြင်း၊ မြေနီကျောက်စရစ် ကိုးလက်မခင်းခြင်း၊ ကုန်ထုတ်တံတားအဖြစ် Slab Culvert



တစ်စင်းတည်ဆောက်ခြင်း၊ အရှည် ပေ ၆၀၊ အကျယ် ၁၂ ပေ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၆၀ ဒသမ ၇၀၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဝမ်းပြည့်အောင်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ကြို့ဇလုပ်ကျေးရွာရှိ အိမ်ခြေ ၃၆၈ အိမ်မှ လူ ၁၅၄၇ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# မြန်မာစစ်မှန် ဇာတိမာန်

\- သမိုင်းဝယ် ထင်ပေါ်လျှမ်း
တင့်ဆန်းသည့် မျိုးမြန်မာ
ခံ့ညားထည်ဝါ၊
ဇာတိသွေး ပြောင်မြောက်စွာ
ရဲဝံ့ရာ ပြိုင်စံရှား၊
အမျိုးဂုဏ် စဉ်မညှိုးရန်
သယ်ပိုးလို့ထား။

\- ဘုရား၊ စေတီ ဇရပ်၊ ကျောင်းတို့
နှစ်ထောင်းလို့ သပ္ပာယ်ရှာ
ကြည်နူးဖွယ်ရာ၊
ဘာသာနှင့် သာသနာ
ကြာရှည်စွာ တည်တံ့ရေး၊
ဇာတိမာန် အားအပြည့်နှင့်
ထိန်းသိမ်းဘိလေး။

\- တောတောင်တွေ အထပ်ထပ်နှင့်
ချိတ်ဆက်၍ အလှဖြာ
တို့ပြည်မြန်မာ၊
အင်း၊ အိုင်၊ မြစ်၊ ချောင်း ပေါများစွာ
အစဉ်သာ တည်တံ့ရေး၊
အဖျက်ရန် မှန်သမျှကို
မောင်းထုတ်ကြလေး။

\- ကိုယ့်ရေ၊ မြေ ကိုယ့်ပိုင်နက်တို့
လေးစားလျက် မြတ်နိုးကာ
ထိန်းသိမ်းမည်သာ၊
ကျူးကျော်သည့် မည်သူမည်ဝါ
ပြန်လှန်ကာ အညံ့မခံဘဲ၊
စွမ်းအားကုန် အားမာန်ထုတ်လို့
တိုက်ဖျတ်မည်ပဲ။ ။

**ခင်မောင်မြင့်**

# ပုတာအိုမြို့နယ် မာမိန်ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုတာအို ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ပုတာအိုခရိုင် ပုတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မာမိန်ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မာမိန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မာမိန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ထိုးဇာတ်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ထိုးဇာတ်ကိုအောက်စဖို့ဒ်တက္ကသိုလ်၏အဘိဓာန်တွင် "ပြဇာတ်တစ်ပုဒ်၏ဇာတ်ခန်းများ၊ ရုပ်ရှင်ကားတစ်ကား၏ ဇာတ်ဝင်ခန်းများကြားတွင် လပ်သွားသော ခေတ္တအချိန်ကလေးတစ်ခုဟူ၍လည်းကောင်း၊ ၎င်းလပ်သွားသော ခေတ္တအချိန်ကလေးအတွင်း ကြားထိုးတင်ဆက်သောတေးဂီတ သို့မဟုတ် ဟောပြောမှုတစ်ခု (ကြားထိုးအစီအစဉ်)။ ဥပမာ-တေးဂီတ ကြားထိုးအစီအစဉ်"ဟု ဖွင့်ဆိုပြထားသည်။ စာရေးသူတို့က အခန်းပြောင်းတီးလုံးဟု နားလည်ထားသည့် အရာသည် ထိုးဇာတ်ပင်ဖြစ်တော့သည်။ မူလရှိပြီးသားဇာတ်ကျောရိုးမှ မင်းသားကိုလည်းကောင်း၊ မင်းသမီးကိုလည်းကောင်း အသားပေးတင်ဆက်လိုပါက ဇာတ်ကိုအနည်းငယ်ပြုပြင်၍ ထိုးဇာတ်သဏ္ဌာန် ကပြခြင်းမျိုးကို စာရေးသူတို့မြန်မာဇာတ်ကြီး၌ တွေ့နိုင်သည်။

ဦးအောင်မောင်းနှင့် ပဲခူးမြတို့ ကပြခဲ့သည့် ပဒုမပေါင်တိုဇာတ်တော်ကြီးတွင် ဇာတက၏မူရင်းတွင် "ဘုရင်သည် အလှူခံမကျွပ်များသို့ ဆင်စီး၍ထွက်တော်မူလာရာ မိန်းမယုတ်ကို တွေ့မြင်လေသည်။ ဘုရင်က "ဤတုံးသည် သင်နှင့်မည်သို့တော်စပ်သနည်း"ဟု မိန်းမယုတ်ကိုမေးလေသည်။ မိန်းမယုတ်က "ဦးရီးတော်သားဖြစ်သည်။ မိဘများပေးစားသည့် ငယ်ပေါင်းလင်ဖြစ်ပါသည်"ဟု ပြန်လည်တင်လျှောက်သည်။ ဘုရင်က "မိဘများပေးစားသည့်ငယ်ပေါင်းလင် အမှန်တကယ်ဟုတ်ပါသလော"ဟု ထပ်မေးသည်။ မိန်းမယုတ်က "ဟုတ်ပါသည်"ဟု ရဲရဲဝံ့ဝံ့ပြန်ဖြေသည်။ ထိုအခါမင်းက အမတ်များကို ညီနောင်ခုနစ်ဦး တိုင်းပြည်မှထွက်ခဲ့ကြပုံမှအစပြု၍ သူ့မယားက သူ့ကို တောင်ပေါ်မှတွန်းချသည်ထိ ဇာတ်ကြောင်းလှန်၍ ပြောပြလိုက်သည်။ ထို့နောက် ဒေါသကိုထိန်းလိုက်သည်။ မိန်းမယုတ်အား တောင်းကိုခေါင်းပေါ်မှမချနိုင်အောင် တောင်းနှင့်ခေါင်းကိုနှောင်ဖွဲ့ပေး၍ တုံးကို တောင်းထဲထည့်ပေးပြီးလျှင် တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။

ဦးအောင်မောင်းနှင့် ပဲခူးမြတို့ ကပြသောအခါ ဇာတကအတွင်း ထိုးဇာတ်ကို ဖန်ဖွဲ့ထိုးသွင်းကပြလိုက်ကြသည်။ ဇာတ်ဖြစ်စဉ်သည် ပြောင်းသွားသည်။ ဘုရင်က မကျွပ်ကြီးထိုး၍ခုနစ်ရက်ခုနစ်လီ အလှူကြီးပေးနေသည့်သတင်းသည် ပျံ့လွင့်လာခဲ့သည်။ ပေါင်တို(တုံး)က "နန်းတော်ကြီးမှာဖြင့် ခုနစ်ရက်ခုနစ်လီအလှူကြီးပေးနေတာ၊ အယုတ်အလတ်အမြတ်မရွေးဝင်ရောက်အလှူခံစေသတဲ့။ သွား ပွဲတော်အုပ်များ ငါစားချင်တယ်အလှူခံခဲ့"ဟု ဇာတ်ကို ဆွပေးလိုက်ခြင်းဖြင့် ထိုးဇာတ်ကိုသွတ်သွင်းလိုက်သည်။ မင်းသမီး(မိဖုရား)က ငြင်းဆန်သည့်အခါ ပေါင်တိုက မင်းသမီးကိုပါးနားရိုက်ခြင်းဖြင့် မင်းသမီးဇာတ်ရုပ်ကို ချုပ်နှောင်ပစ်လိုက်သည်။ မျက်ကန်းတစ္ဆေမကြောက်သည့်ဘဝကို သက်ဆင်းလာသည့်မင်းသမီးမှာ သူကရှာဖွေကျွေးမွေးပါမည်ဟု အာမခံထားသည့်အတိုင်း ခပ်မြန်မြန်သွား၊ ခပ်မြန်မြန်ပြန်လာနိုင်ရန် အလှူခံမကျွပ်ဆီသို့ချဉ်းကပ်လာရလေတော့သည်။ ဤအခန်းကြောင့် ဇာတ်၏အထွတ်သို့ထိုးတက်လာခဲ့သည်။

မင်းသမီးသည်ပေါင်တို၏နှိပ်စက်ခြင်းကို ခံလိုက်ရသည်။ ဇာတ်သည် ပို၍နာလာတော့သည်။ မင်းသမီးကို သနားကြမည်လား၊ မိုက်လှသည့် မိန်းမခံပေ့ါဟု ပြောကြမည်လား၊ ပေါင်တိုကို ပြောင်းဖူးတို့ ခဲတို့ချီးပကြမည်လား၊ မင်းသမီးနှင့်ဘုရင်တို့တွေ့လျှင် ဘာဆက်ဖြစ်လာကြမည်နည်းဟူသော အတွေးကို ပေးလာတော့သည်။ မိဖုရားအတွက်လည်း စိုးရိမ်စရာကောင်းသည့်ခရီးလမ်းဖြစ်လာသည်။ လင်ကြီးကိုစွန့်ပစ်၍ လင်ငယ်နောက် ကောက်ကောက်ပါအောင်လိုက်တတ်သည့်မိန်းမတို့ကိုလည်း နောက်အိမ်ထောင်၏ အနိုင်ကျင့်မှုကိုခံရတတ်သည်ဟူသည့်သင်ခန်းစာကို ပေးချင်သကဲ့သို့ ဇာတ်၏ဦးတည်ချက်ကိုလည်း မပျက်စေရန် ဖန်တီးလိုက်သည်။

ဇာတကမှခွဲထွက်ကာ ဘုရင်နှင့်မိဖုရားတို့အလှူခံမကျွပ်ဝယ်တွေ့ကြသည်။ ဇာတက၌မူ ဘုရင်သည် အလှူခံမကျွပ်များသို့ဆင်စီး၍ ထွက်တော်မူလာရာမှ မိဖုရားဟောင်းကိုတွေ့မြင်ခြင်းဖြစ်သည်။ မိဖုရား (မင်းသမီး)က ငိုယိုကာ ဘုရင့်ထံမှပွဲတော်စာများ တောင်းသည်။ ပွဲတော်စာကို ငိုချင်းဖြင့်တောင်းသည်။ မေးရင်းမြန်းရင်းဖြင့် သူ၏မိဖုရားဖြစ်မှန်း ဘုရင်က သိလာသည်။ ဘုရင်၏စကားတချို့သည် ကရုဏာဒေါသဆန်ခဲ့သည်။ "အကျင့်သန်ကလိန်တုတ်သလိုပ၊ သိမ်နွတ်ကာမူရာဆောင်လို့၊ လူလာအောင်တိခနဲ ပြောတတ်ပါ့ရဲ့၊ သဘောကိုကအရှိ၊ ဓမ္မတာဓမ္မတကာ မေသူသွင်းတတ်ပေရဲ့၊ ဆိုးလိုက်တဲ့မိဖုရားရယ်၊ အမယ်လေး တောဆိုတဲ့ပြည့်တန်ဆာမတို့ရဲ့ အဆင်း ပမာမယွင်း. . ."ဟူသည့်စကားလုံးတို့ကိုကြည့်ခြင်း ဖြင့် သိနိုင်သည်။ စင်စစ်မင်းသား(ဦးအောင်မောင်း)၏ အတတ်ပညာ၊ အနုပညာဝမ်းစာစကားတို့ပင်ဖြစ်သည်။

❖ ပါနောက်၏ရုပ်ကြီးစင်က "ရှေးကြိုက်ဇာတ်ရိုးကြီးတွေက တို့ဘိုး တို့ဘွားခေတ်ကသာ ကြိုက်ကြတာ၊ တို့ခေတ်မှာ ရှေးကြိုက်ချည်းလိုက်လို့လဲမဖြစ်ဘူး၊ ခေတ်ကိုလဲမီရမယ်၊ ဟိုးပဝေသဏီကအသုံးအနှုန်းတွေကိုလဲ လုံးလုံးမပယ်ဘဲပါဝင်စေရမယ် ဟုလည်းကောင်း၊ ခေတ်ဟောင်းနဲ့ခေတ်သစ် နှစ်ခေတ်ရောမွှေပြီး တောနေ၊ မြို့နေ ခေတ်ရွေ့ပြေးနဲ့ ခေတ်နောက်ဖေးက လူတွေ ဝင်ဆံ့စေရမယ်"ဟုလည်းကောင်း ထိုးဇာတ်ဖန်တီးရသည့် အကြောင်းရင်းကို လူရွှင်တော်များက နှစ်ပါးခွင်တွင်ပြောကြားခဲ့ကြသည် ကို သတိပြုမိပြီး အရိုးကို အရွက်မဖုံးစေရဟူသည့် အနက်သဘောကို စောကြောမိခဲ့သည်။ ❖

ထိုးဇာတ်သဖွယ်ဖန်တီးလိုက်၍ လွတ်လပ်စွာပြောနိုင်ခဲ့သည်။ နောက်ဆုံးတွင် မိဖုရားကြီးကို ပွဲတော်စာပေးလိုက်သည်။ သူ မသေသေးကြောင်း မိဖုရားသိရန် ပွဲတော်စာအတွင်း သူ၏နဝရတ်လက်စွပ်ကို ထည့်ပေးလိုက်သည်။ မိဖုရားသည် ဝမ်းသာစွာနှင့်ပွဲတော်စာကိုယူကာ ပေါင်တိုထံပြန်လာခဲ့သည်။ ဘုရင်က မိဖုရား၏ အရိပ်အခြည်ကိုသိရန် လူတစ်ယောက်ကို နောက်ယောင်ခံလိုက်ကြည့်စေခဲ့သည်။ မိဖုရားသည် ပေါင်တိုကို အစာကျွေးရင်း နဝရတ်လက်စွပ်ကိုတွေ့မြင်လိုက်သည်။လင်ဖြစ်သူ မသေသေးကြောင်း၊ ယခုဘုရင်ဖြစ်နေကြောင်းပါ သိလိုက်သည်။ အပူသည်မိဖုရား၏ ရင်ကို လာထိတော့သည်။ ကြောက်ခြင်း၊ လန့်ခြင်း၊ နောင်တရခြင်း စသည့်ဇောတို့သည် မိဖုရားထံပူးကပ်ရောက်လာသည်။ "ခွေးလောက်မှ မလိမ္မာသူရယ်၊ တွေးထောက်ကာ တစ်ကြိမ်မညှာ၍၊ နရိန္ဒာသူတော်ကောင်းကိုမှ၊ ချောင်လျှိုကာ ဟောဒီပေါင်တိုကို ပေါင်းချင်လွန်းလို့တဲ့တော့. . ."ဟု မိမိ၏ အဖြစ်ကို ပြန်မြင်လာသည်။

မင်းသမီး၏အလှုပ်ပင်ဖြစ်သည်။ ဇာတ်ကို ဆွဲတင်ဆဲပင်ရှိသည်။ ဇာတ်ဆင်းတော့မည်၊ ဇာတ်သိမ်းတော့မည်ကိုလည်း နိမိတ်စကားတို့ဖြင့်ပြောသည်။ ထိုစိတ်၊ ထိုဇောနှင့်ပင် မိဖုရားသည်ထိုနေရာ၌အသက်ဆုံးသွားသည်။ နောက်ယောင်ခံလိုက်ကြည့်သူက မိဖုရားဆုံးသွားကြောင်း ဘုရင်ကိုတင်လျှောက်သည်။ ဘုရင်လည်း ထိုနေရာသို့ရောက်လာသည်။ ပဒုမပေါင်တိုဇာတ်ဝယ် မင်းသားသည် ဦးအောင်မောင်းဖြစ်သည်။ ညီနောင်ခုနစ်ဖော် တိုင်းပြည်မှထွက်ခွာ၊ မိဖုရားက မင်းသားကို တောင်ပေါ်မှတွန်းချ၊ ဖွတ်မင်းက ကယ်၍ နန်းတော် ပြန်ရောက်၊ ဘုရင်ဖြစ်၊ အလှူပေးဟူသည့် သာမန်စီးမျောသည့်ဇာတကအတွင်း မင်းသား၏ လုပ်ကွက်၊ မင်းသား၏ အစွမ်းကိုပြမှသာလျှင် ဦးအောင်မောင်း မည်မည်ဖြစ်သည်။ ထို့ကြောင့် မင်းသား ဦးအောင်မောင်းသည် အလောင်းပိုက်ကာ ငိုတော့သည်။ မင်းသား၏အတတ်ကို ပြချင်၍ အလောင်းပိုက်ကာ ငိုလိုက်ခြင်းပင်ဖြစ်တော့သည်။

"ဗဟုထိကရဏာသဘောပါလား၊ စုတိမရဏာလျှောပြီ" စုတိမရဏာလျှောလျှောပြီ ဖြဟ္မာဆွေကလျာတို့၊ မဟာဘူတအရေး ကြမ္မာမလွဲသာဘု၊ ယွင်းခန္ဓာ (အမယ်လေး) ဘယ်လိုယူရပါ့မတုန်းနော်၊ ယွင်းခန္ဓာ ကင်းကွာလို့စဲချေပေါ့ရယ်ဗျာ (အမယ်လေး) သေမင်းမို့ လို့ ခွဲလိုက်ရပါပြီ၊ ခွဲလိုက်ရလေခြင်း မကျေနပ်လေ ခြင်း" မူလဇာတကနှင့် များစွာကွဲပြားသွားတော့သည်။ လမ်းသစ်ကိုဖောက်ကာ ကပြခြင်းပင်ဖြစ်တော့သည်။ "မသာ"မသာကမ္ဗဋ္ဌာန်းကျလို့၊ အမယ်လေး ကြည့်ရင်း ကြည့်ရင်း ရုပ်ပသာဒတွေပျက်ကုန်ပြီမင်းကြီးရဲ့"ဟူ သည့် ရုပ်နာမ်ဖြစ်ပျက်တတ်သည့်မမြဲသောတရားတို့ ဖြင့်လည်း ပရိသတ်ကို ဆိုဆုံးမသွားခဲ့သည်။ ဇာတက အတွင်းဝယ် ထိုးဇာတ်ကို ဖန်တီးနိုင်ခဲ့သည်။ ဇာတက အတွင်းမှာ မသေသောမင်းသမီးကို ထိုးဇာတ်ဝယ် သေဆုံးစေခြင်းဖြင့် ပဒုမပေါင်တိုဇာတ်သည် ကွဲလာခဲ့သည်။ ပေးချင်သည့်စေတနာသည် စူးရှသက်ရောက် သွားတော့သည်။

မူရင်းဇာတကမှ အနည်းငယ်သွေဖည်ကာ ထိုးဇာတ်သွင်းကသည့် အခြားဇာတကတို့လည်းရှိသေးသည်။ ရှိနိုင်သည်။ ၅၅၀ကေနိပါတ် "ဣလ္လိသဇာတ်" ကိုလည်း ထိုနှယ်ကပြခဲ့ကြသည်။ မင်းသားဣလ္လိသက မူးရူးသောက်စား အလှူအတန်းနည်းနေဖြစ်သည်။ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည့် သိကြားဣလ္လိသက သားဖြစ်သူကိုဆုံးမရန် ဣလ္လိသယောင်ဆောင်လာသည်။ ရုပ်တူသူနှစ်ဦးသည် နောက်ဆုံး၌ တိုင်းပြည်အုပ်ချုပ်သူ ဘုရင်ထံ အဆုံးအဖြတ်ခံရန် ရောက်ရှိသွားကြသည်။ ဘုရင်လည်းဆုံးဖြတ်ရန်ခက်တော့သည်။ မင်းသား ဣလ္လိသက သူ့ခေါင်းတွင်မှဲ့တစ်လုံးရှိသည်။ ၎င်းမှဲ့ ကိုဆံပင်ရိတ်သမားသာသိပါသည်။ ဆံပင်ရိတ်သမား ကိုခေါ်၍ ဣလ္လိသအစစ်ကိုရွေးခိုင်းရာ နှစ်ယောက် စလုံးခေါင်းပေါ်တွင် မှဲ့ရှိနေလေသည်။ ဣလ္လိသအစစ် လည်း ဥစ္စာဇောကြောင့် သတိမေ့၍ လဲကျသွားလေ သည်။ ဇာတကလာဇာတ်ရင်းမှာ ထိုအတိုင်းဖြစ်သည်။ ထိုးဇာတ်က သူတို့ကနှစ်ယောက်စလုံးကို ခွဲမရဖြစ်နေ သောကြောင့် ဣလ္လိသ၏ဇနီးဖြစ်သူမှာ သောကအဟုန် ဖြင့် ငိုချင်းချပြီးမေ့လဲကျသွားခြင်းဖြင့် ကပြကြသည်။ မေ့လဲကျသူဇနီးကိုပိုက်၍ မင်းသား ဣလ္လိသကလည်း ငိုချင်းချတော့သည်။ သိကြားဣလ္လိသမှာ တုဏှိဘော ပြုနေသဖြင့် ဘုရင်ကမသင်္ကာရာမှ သင်ဘယ်သူနည်း ဟု မေးမြန်းလေသည်။ သိကြားဣလ္လိသက "ငါသိကြား ဖြစ်သည်။ သားဣလ္လိသကို ဆုံးမလို၍လာသည်"ဟု ပြန်ဖြေပြီး မေ့လဲကျနေသူ ချွေးမကိုလည်း ပြန်လည် သတိရစေသည်။ ထိုမှ မင်းသားဣလ္လိသကို ဆိုဆုံးမ ပြီး ဇာတ်ပေါင်းကြသည်။ မင်းသား၏ နှုတ်မှုစွမ်းရည် ကို ပြသလိုသဖြင့် မင်းသမီးကိုမေ့လဲကျခိုင်းလိုက် သည်။ မင်းသား ဣလ္လိသမေ့လဲကျသဖြင့် သိကြား ဣလ္လိသက ငါသိကြားဟုပြောဆိုကာ ဇာတ်ပေါင်းကြမည့် ရိုးစင်းသောလမ်းကို ချဲ့ထွင်ဖောက်လိုက်ခြင်းဖြစ်သည်။

ပါနောက်၏ ရုပ်ကြီးစင်က "ရှေးကြိုက်ဇာတ်ရိုး ကြီးတွေက တို့ဘိုး တို့ဘွားခေတ်ကသာ ကြိုက်ကြတာ၊ တို့ခေတ်မှာ ရှေးကြိုက်ချည်းလိုက်လို့လဲ မဖြစ်ဘူး၊ ခေတ်ကိုလဲမီရမယ်၊ ဟိုးပဝေသဏီက အသုံးအနှုန်း တွေကိုလဲ လုံးလုံးမပယ်ဘဲပါဝင်စေရမယ်"ဟု လည်းကောင်း၊ ခေတ်ဟောင်းနဲ့ခေတ်သစ် နှစ်ခေတ် ရောမွှေပြီး တောနေ၊ မြို့နေ ခေတ်ရွေ့ပြေးနဲ့ ခေတ် နောက်ဖေးကလူတွေ ဝင်ဆံ့စေရမယ်" ဟုလည်း ကောင်း ထိုးဇာတ်ဖန်တီးရသည့် အကြောင်းရင်းကို လူရွှင်တော်များက နှစ်ပါးခွင်တွင်ပြောကြားခဲ့ကြသည် ကို သတိပြုမိပြီး အရိုးကို အရွက်မဖုံးစေရဟူသည့် အနက်သဘောကို စောကြောမိခဲ့သည်။

ထိုးဇာတ်ဖန်ဖွဲ့မှုမျိုးကို ဗုဒ္ဓဝင်တွင်လည်း တွေ့ရ သည်။ ရွှေမန်းတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူ ခန်း၌ အလောင်းတော်၏မိခင်သည် ကပိလဝတ်ပြည် သို့ပြန်ဝင်ပြီး ခုနစ်ရက်ကြာမှစုတေကျလေသည်။ ဇာတ်သဘော၌မူ အလောင်းတော်၏မိခင်သည် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့အသွား လုမ္ဗိနီ အင်ကြင်းတော၌ အလောင်းတော်ကိုဖွားမြင်ပြီး အသက်ဆုံးပါးခဲ့သည်။ အလောင်းတော်၏မိခင် အသက်ဆုံးပါးသည့်သတင်းသည် သုဒ္ဓေါဒနမင်းကြီး (ရွှေမန်းတင်မောင်)ထံရောက်လာသည်။ အင်ကြင်း တောသို့ မင်းကြီးရောက်လာသည်။ တစ်ဖက်တွင် လည်း မယ်တော်မာယာ၏ မောင်ဖြစ်သူ သုပ္ပဗုဒ္ဓလည်း ရောက်လာသည်။ အလောင်းလုခန်းကို လှပစွာကပြ သည်။ မင်းသားကိုလုပ်ကွက် (အလောင်းပိုက်ငိုစေ လို၍)ထိုးဇာတ်ကိုထိုးသွင်းလိုက်ခြင်းဖြစ်သည်။ "ဒေဝ ဒဟကပိလဝတ်နှစ်ဝပြည်ထောင်၊ လင်နှင့်မောင်၊ မာန် စောင်မျက်သား၊ ခုခံတင်း၍၊ အချင်းမများကြပါနဲ့၊ နှစ်ပြည့်တစ်ပြည်၊ လွန်ချစ်ကြည်တဲ့၊ ညီအစ်ကိုတော် တွေမို့၊ မှားပြန်သော်သည်းခံ၊ မှန်ပြန်သော်အတည်ပြု၊ သတ္တရုရန်မများရအောင်၊ မယ်မာယာဝင်ကာ တား လိုက်မယ်၊ နှစ်ပါးစုံလင်မောင်အလှတို့ ငြိမ်းချမ်းကြ စေသတည်း"ဟူသည့် မယ်တော်မိနတ်သား၏စကား ကလည်း ထာဝရလိုအပ်နေသည့်စကားဖြစ်သည်။ ဇာတ်ကိုကသွားသည်ဟု နားလည်ရင်းဖြင့် သဘော တူမျှ နှစ်မြိုက်ကြကာ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းသည် အောင်မြင်ခဲ့တော့သည်။

ဖော်ပြပါတို့သည် ဦးကြင်ဥ၏ ပါပဟိန်ပြဇာတ် တွင်ဖော်ပြထားချက်နှင့် ကိုက်ညီနေကြသည်။ ဦးကြင်ဥ က-"အစကအဟုတ်တကယ်ဖြစ်မည်ဟု ယုံကြည်ကြ သောဇာတ်နိပါတ်၊ မဟာဝင်၊ ရာဇဝင်များအလာ ဇာတ်တို့၏အကွက်ကြား၌ မဟုတ်သည်ကိုစိတ်ကူးဖြင့် လုပ်ကြံ၍ အကွက်ပိုများကို ထိုးထွင်းခြင်းကိုထိုးဇာတ် ဟု ခေါ်ဝေါ်ခဲ့ဟန်တူ၏။ နောက်တစ်ခါစိတ်ကူးဖြင့် တစ်ဇာတ်လုံးဆင်၍ ရေးသည်ကိုလည်း ထိုးဇာတ်ဟု ပင် သိမ်းရုံးခေါ်ဝေါ်ခဲ့ဟန်တူ၏"ဟုဖော်ပြထားသည်။ မြန်မာအဘိဓာန်ကမူ "ကြံဖန်တီထွင်ရေးသားသော ဇာတ်"ဟုဆိုသည်။ မည်သို့ဆိုကြပါစေ ထိုးဇာတ်တို့ ကြောင့်ပင် မြန်မာဇာတ်ကြီး၏ပင်စည်တို့ဝေစည်ခဲ့ သည်ကိုကား ငြင်းဆို၍မရနိုင်ပါချေ။ အနုပညာသည် တို့၏ အတတ်ပညာဟူကား ခိုင်ခိုင်မာမာပြောနိုင် သည်။ သို့ကြောင့် မြန်မာဇာတ်ကြီးအတွင်းမှထိုးဇာတ် ကို နှစ်မြိုက်နေမိခြင်းဖြစ်ပါတော့သည်။

**ကိုးကား**

- **ပါနောက်၏ ရုပ်ကြီးစင်(ပါနောက်)**
- **ဦးအောင်မောင်း ပဲခူးမြတို့၏ပဒုမပေါင်တိုဇာတ်**
- **အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း**

# ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၁၅၈၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၁၅၈၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ကေ ၂၃၃၀၀ စိုက်ပျိုးရန် လျာထားပြီး ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၂၁၅၈၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ကသာခရိုင်မှာ နွေစပါး ကေ ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်”ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၀၅၉၁ ကေ၊ အင်းတော်မြို့နယ်တွင် ၆၁၅ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၆၂ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၁၁၅ ကေ စုစုပေါင်း ၂၁၅၈၃ ကေ ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၄၁၉ ကေ၊ အင်းတော်မြို့နယ်တွင် ၈၄၂ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၁၀၆၂၁ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၄၁၈ ကေ စုစုပေါင်းကေ ၂၃၃၀၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ၊ နွေသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကသာခရိုင်တွင် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် စိုက်ပျိုးရေးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ဒေသထွက် စိုက်ပျိုးရေးမှိုပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ရီတင့်က ပြော၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက စိုက်ပျိုးရေးမှိုပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ စိုက်ပျိုးရေးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ စိုက်ပျိုးရေးမှို တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ မှ ၉၅၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။



“ဒီဘက်ကနေ ဒေသထွက် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလက စိုက်ပျိုးရေးမှိုပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က စိုက်ပျိုးရေးမှိုတွေ မှာယူမှုအားကောင်းနေပါတယ်” ဟု ဒေါ်ရီတင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးမှိုများအပါအဝင် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ မှိုများဝယ်ယူမှု အားကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ရောင်းဝယ်သူများ၊ စိုက်ပျိုးရေးလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိများသည် ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ရွာသစ်ကျေးရွာတွင် လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစ်မ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၈၆ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးအောင်မိုးလှိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဝမ်ဆော့ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်ဆော့ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချို့သန်းဦး**

# ဝေါမြို့နယ် နောင်ပွတရာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းပြီးစီးမှု စစ်ဆေး

**ဝေါ ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နောင်ပွတရာကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နောင်ပွတရာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီး မြေသားရေကန်ကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် နောင်ပွတရာကျေးရွာ၌ အလျား ပေ ၂၀၀၊ အနံ ပေ ၂၀၀၊ အနက် ငါးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၈ ဒသမ ၈၂ သန်းအသုံးပြု၍ JAME BROTHER ကုမ္ပဏီကတာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီလက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးမှုကြောင့် နောင်ပွတရာကျေးရွာရှိ အိမ်ခြေ ၅၁၂ အိမ်မှ လူ ၂၆၈၆ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**



# မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်တင်တင်စိန်

**အောင်ကြည်ညွန့်(တက္ကသိုလ်)**



မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်တင်တင်စိန်

မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများထိတိုင် ကိုယ်တိုင်သွားရောက်သာသနာပြုခဲ့သော ဆရာမကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်တင်တင်စိန်သည် အသက် ၁၈ နှစ်အရွယ်ကပင် မြန်မာအမျိုးသမီးများ၏ဂုဏ်ကိုဆောင်ခဲ့သည်။

၁၉၅၅ ခုနှစ်မှ ၁၉၅၆ ခုနှစ်တိုင်အောင် B.S.A စစ်ကျန် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ကမ္ဘာလှည့်ခဲ့သူဖြစ်သည်။ ခရီးဖော်မှာ သူ၏ခင်ပွန်း သစ်တောဝန် ဦးဘတုတ်ဖြစ်သည်။ သူတို့ဇနီးမောင်နှံ၏ ဇွဲ၊ လုံ့လ၊ သတ္တိ၊ ဇွတ္တိ၊ ဝီရိယ၊ ပညာတို့ကြောင့် အာရှတိုက်၏ ပထမဆုံးစွန့်စားဝံ့သူများဆိုပြီး ဆုတံဆိပ်များ ချီးမြှင့်ခံရသူနှစ်ဦးလည်းဖြစ်သည်။

ဒေါ်တင်တင်စိန်ကို ထောင်ပိုင်ကြီး ဦးစကင်းနားနှင့် မိခင်ကြီး ဒေါ်လှမေတို့က ၁၉၃၇ ခုနှစ် ဧပြီ ၃ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မွေးဖွားသည်။ တစ်ဦးတည်းသောသမီးဖြစ်သည်။ ငယ်နာမည် ပင်မလာ (ပန်းမာလာ)ဖြစ်သည်။ ဒေါ်တင်တင်စိန်သည် အသက် ၁၇ နှစ်အရွယ်တွင် သူ့ထက် အသက် ၂၂ နှစ်ကြီးသော သစ်တောဝန်ထောက် ဦးဘတုတ်ကို လက်ထပ်ခဲ့သည်။ လက်ထပ်ပြီး တစ်နှစ်အကြာ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် သမီးဦးလေး လင်းသန္တာကို မွေးခဲ့သည်။ သမီးဦးလေးမွေးပြီး ခြောက်လအကြာမှာပင် ကမ္ဘာလှည့်ခရီးကို စတင်ခဲ့သည်။

ကမ္ဘာလှည့်ခရီးစတင်ရန် ၁၉၄၂ ခုနှစ် B.S.A စစ်ကျန် မော်တော်ဆိုင်ကယ်ကို ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူပြီးပြင်ဆင်ခဲ့သည်။

၁၉၅၅ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ခရီးစထွက်ခဲ့ရာ တမူး-အင်ဖာလမ်းမှ အိန္ဒိယနိုင်ငံသို့ ကုန်းလမ်းခရီးသွားရန် စီစဉ်သည်။ မုံရွာမှအထွက်တွင် တောင်များပြိုပြီး သူပုန်သူကန်များရှိသည်ဆို၍ ရန်ကုန်သို့ပြန်ခဲ့သည်။ ရန်ကုန်တွင်နှစ်ပတ်နားကာ ၁၉၅၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် "SS SINTHIA" သင်္ဘောဖြင့် အိန္ဒိယသို့လိုက်ပါခဲ့၏။ ဇနီးမောင်နှံ နှစ်ယောက်ပေါင်း ဘတ်ဂျက်မှာ ၈၈ ပေါင်တန် ခရီးသွားချက်လက်မှတ်၊ အိန္ဒိယငွေရူပီး ၁၀၀၊ အကြွေရူပီး ၁၂၀ သာပါသည်။ ကာလကတ္တား အီဒင်လမ်း ဘုန်းကြီးကျောင်းတွင်တည်းသည်။ ထိုစဉ်က သံမှူး ဦးဇော်ဝင်းက ခေါ်သွားသဖြင့် အိန္ဒိယဝန်ကြီးချုပ် ဂျဝါလဟာနေရူးနှင့်အတူ ရုရှားဝန်ကြီးချုပ် ခရုးရှက်နှင့် သမ္မတကြီး ဘူဂါနင်တို့ကို တွေ့ရသည်။ နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုနှင့် ဇနီးဒေါ်မြရီတို့ အိန္ဒိယနိုင်ငံရောက်သခိုက် ခေါ်ယူတွေ့ဆုံအားပေးသည်။

အိန္ဒိယတွင် ဗုဒ္ဓဂယာ၊ နယူးဒေလီမြို့၊ ဟဒဝါမြို့၊ ဝှတ်ကီးမြို့၊ သစ်တောကျောင်းရှိရာ ဒေရာဒွန်းမြို့ ဂင်္ဂါမြစ်ဖျားခံရာ ဟိမဝန္တာတောင်ခြေထိ ရောက်ခဲ့ကြသည်။ သူတို့ဇနီးမောင်နှံအကြောင်း All India ရေဒီယိုသတင်းများတွင် ဖော်ပြခံရသည်။ မြန်မာ့သမိုင်းမှ ပထမဆုံးသော မဟာစွန့်စားဝံ့သူများဖြစ်လာသည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် အိန္ဒိယဝန်ကြီးချုပ် နေအိမ်၌ ဝန်ကြီးချုပ်၏သမီး အင်ဒီရာဂန္ဒီ၊ မြေးများဖြစ်သော ရာဂျစ်ဂန္ဒီ၊ ဆန်ဂျေးဂန္ဒီတို့နှင့် တွေ့ရသည်။ အင်ဒီရာဂန္ဒီက ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုလက်မှတ်တစ်စောင်ချီးမြှင့်သည်။

ထို့နောက် ပါကစ္စတန်နိုင်ငံသို့ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ချောမောစွာရောက်ရှိကာ ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်းမှ မော်တော်ဆိုင်ကယ်ကို သင်္ဘောတင်ကာ ခရီးဆက်ရာ ကရာချိမှ အီရန်နိုင်ငံ၊ ထိုမှတစ်ဆင့် ဆော်ဒီအာရေဗျရှိ မွတ်စကတ်၊ ဒူဘိုင်း၊ ဘာရိန်း၊ ကူဝိတ်၊ ဘာဆရာမြို့ထိ သင်္ဘောစီးရသည်။ သင်္ဘောပေါ်မှဆင်းပြီး အီရတ်မြို့တော် ဘဂ္ဂဒက်မြို့ကို ဆိုင်ကယ်ဖြင့်သွားသည်။ မတ် ၂၂ ရက်တွင် အီရတ်သတင်းစာများ၌ မော်တော်ဆိုင်ကယ်စီး ဇနီးမောင်နှံအကြောင်း ဖော်ပြခံရသည်။ မတ် ၂၈ ရက်တွင် ဂျော်ဒန်ပြည်သို့ရောက်ခဲ့ရာ ဂျော်ဒန်ဘုရင် ဆဒမ်ဟူစိန်ကလည်း ကမ္ဘာလှည့်ဇနီးမောင်နှံကို နန်းတော်သို့ဖိတ်၍ ဧည့်ခံသည်။ ဂုဏ်ပြုသည်။ ဧပြီ ၂ ရက်တွင် ဆီးရီးယားမြို့တော် ဒမတ်စကတ်သို့ ရောက်သည်။ ထိုမှ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သို့ ရောက်ကာ ဂိုလန်တောင်တန်းပေါ်ရှိ အိမ်တစ်အိမ်တွင် ဆိုင်ကယ်ထိုး၍ရပ်နားသည်။ ထိုနေ့က ဒေါ်တင်တင်စိန် ၁၈ နှစ်ပြည့် မွေးနေ့ပွဲကျင်းပခဲ့သည်။ ထို့နောက် ခရီးဆက်ခဲ့ရာ ဧပြီ ၁၂ ရက်တွင် အေသင်မြို့ရောက်ပြီး ဘဲဂရိတ်မြို့နားတွင် ဆိုင်ကယ်နောက်ထိုင်ခုံပျက်၍ ဒေါ်တင်တင်စိန်က မြေအောက်ရထားနှင့်လိုက်ရသည်။ ဦးဘတုတ်တစ်ယောက်တည်း ဆိုင်ကယ်နှင့်သွားရာ ဘဲဂရိတ်မြို့အဝင်တွင် ဦးဘတုတ် အဖမ်းခံရပြီး သံရုံးအကူအညီဖြင့် မေ ၁၈ ရက်တွင် ပြန်လွတ်သည်။ မေ ၁၉ ရက်တွင် အသံလွှင့်ရုံ၌ ကမ္ဘာလှည့်အကြောင်းအသံလွှင့် ပြောကြားခဲ့ရသေးသည်။ ဟောပြောခငွေ အနည်းငယ်ရသည်။

၁၉၅၆ ခုနှစ် မေ ၂၁ ရက်တွင် ရေခဲနေသော Danube မြစ်ကို ဆိုင်ကယ်ဖြင့်ဖြတ်မောင်းပြီး တစ်ဖက်ကမ်းရှိ Agrab မြို့သို့ရောက်သည်။ ထိုမှ ဩစတြီးယားနိုင်ငံကို ဖြတ်မောင်းခဲ့ရာ မေ ၂၅ ရက်တွင် ဗီယက်နာမြို့ကို ရောက်သည်။ အလွန်လှပသောမြို့ဖြစ်ပြီး ထိုညတွင် ဇနီးမောင်နှံမြို့ပြင်လယ်တောကောက်ရိုးပုံတွင် ညအိပ်ကြသည်။ မေ ၂၇ ရက်တွင် လူဇင်ဘတ်သို့ရောက်ပြီး ဆိုင်ကယ်ပျက်ရာ အင်ဂျင်အလုံးလိုက်ချပြင်ရသည်။ ညနေပိုင်းတွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ရောက်သည်။ BMW ကားစက်ရုံကိုလည်းပတ်သည်။ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီသို့ သွားရောက်လည်ပတ်သည်။ မာစီဒီးကားကုမ္ပဏီ၊ ဘောက်စဝက်ဂွန်းကုမ္ပဏီတို့သို့ သွားရောက်ကြည့်ရှုသည်။ ဂျာမနီမြို့ကြီးများကို လည်ပတ်ပြီး ဇွန် ၁၄ ရက်တွင် ဒိန်းမတ်နိုင်ငံသို့ရောက်ရှိသည်။ ဒိန်းမတ်နိုင်ငံမှ နော်ဝေသို့ကူးပြီး ဇွန် ၂၀ ရက်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းသို့ရောက်သည်။ ထို့နောက် ဇွန် ၂၂ ရက်တွင် ဖင်လန်နိုင်ငံသို့ရောက်သည်။ ဇွန် ၂၇ ရက်တွင် ဒိန်းမတ်နိုင်ငံသို့ တစ်ကျော့ပြန်ရောက်သည်။ ဂျာမနီနိုင်ငံတွင် တစ်ရက်နေပြီး နယ်သာလန်သို့ ကူးခဲ့သည်။ ထိုမှ ဘယ်လ်ဂျီယံနိုင်ငံသို့ရောက်ရှိသည်။

ဇူလိုင် ၂ ရက်တွင် ဗြိတိန်နိုင်ငံသို့ ပြင်သစ်ရေလက်ကြားမှကူးခဲ့၍ ဇူလိုင် ၇ ရက်တွင် လန်ဒန်မြို့သို့ ရောက်ပြီး ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်နှင့်တွေ့ခွင့် ရရှိသည်။

ရန်ကုန်မှ လန်ဒန်ထိ မိုင် ၅၀၀၀၀ ကျော် ခရီးနှင်လာခဲ့သူများဖြစ်ကြပြီး B.S.A ဆိုင်ကယ်ကုမ္ပဏီ အကြီးအကဲ ကိုယ်တိုင်တွေ့ဆုံပြီး ညစာစားပွဲဖြင့် ဧည့်ခံခဲ့သည်။ ဟိုတယ်တွင် သုံးည အခမဲ့တည်းခိုခွင့်ပြုသည်။ မိမိတို့ကို မော်တော်ဆိုင်ကယ်အသစ်တစ်စီးပေးသော်လည်း ကုန်သွယ်မှုဥပဒေအရ ယူခွင့်မရှိပေ။ အပိုပစ္စည်းအသစ်များလဲပေး၏။

ဇူလိုင် ၂၂ ရက်တွင် ပြင်သစ်သို့ ခရီးထွက်ပြီး ပြည်တော်ပြန်ခရီးစခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် ဘုံဘေရထားစီးပြီး စက်တင်ဘာ ၄ ရက်တွင် ကာလကတ္တားသို့ရောက်သည်။ ထိုမှ UBA လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ပြန်ခဲ့ကြရာ ၁၉၅၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင်ရောက်သည်။ ဒေါ်တင်တင်စိန်၏မိဘများမှာ ဗြိတိသျှကပြားများဖြစ်၍ သူသည် မူလကခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးမှပြန်လာသောအခါ စာရေးဆရာကြီး ဦးခင်မောင်လတ်နှင့်ဇနီး စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့၏ အိမ်ဝင်းအတွင်းရှိ စွန်းလွန်းကမ္မဋ္ဌာန်းစခန်းသို့ရောက်ရှိ တရားထိုင်ဖြစ်သည်။ ဒေါ်တင်တင်စိန်သည် စိတ်ရောကိုယ်ပါနှစ်၍ ပြင်းပြင်းထန်ထန်တရားအားထုတ်ခဲ့ရာ စိတ်ချမ်းသာမှုရသွားသည်။ ဒေါ်တင်တင်စိန်လည်း မိမိ၏အလိုဆန္ဒအရ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလိုက်တော့သည်။ အမှန်တကယ် အေးချမ်းသောစိတ်ချမ်းသာမှုကို ရရှိစေနိုင်သောအရာသည် ဝိပဿနာဖြစ်သည်ကို ၁၉၅၈ ခုနှစ်တွင် စတင်သိလိုက်သည်။

ဒေါ်တင်တင်စိန်၏ မူလပထမဆရာတော်မှာ စွန်းလွန်းဆရာတော်ကြီး ဦးဝိနယပင်ဖြစ်သည်။ စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်ထိ တရားအားထုတ်သည်။ ဗုဒ္ဓဘာသာစာပေများကိုလေ့လာပြီး ဆရာတော်ကြီးများ၏ တရားများနှလုံးသွင်းရ၏။ သီလ၊ သမာဓိ၊ ပညာရအောင်ကြိုးစားရသည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့ ဝိပဿနာတရားလည်းပြ၊ တရားလည်းဟောစသည်ဖြင့် သာသနာပြုလုပ်ငန်းကြီးကို ဇောက်ချလုပ်ကိုင်ခဲ့သည်။

**နိုင်ငံခြားသာသနာပြုခရီး**

နိုင်ငံခြားသာသနာပြုခရီးကို ၁၉၉၅ ခုနှစ်မှ စတင်ခဲ့သည်။ ၁၉၉၉ ခုနှစ် ပြည်ပသာသနာပြုခရီးအဖြစ် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သို့ရောက်ခဲ့သည်။ ဂျပန်နိုင်ငံတွင် သုံးလတာ တရားပွဲများ ကျင်းပပေးခဲ့ပြီး အမေရိကန်နိုင်ငံတွင် ပြည်နယ် ၅၁ ခုရှိသည့်အနက် ၃၉ ပြည်နယ် သာသနာပြုနိုင်ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် နီပေါနိုင်ငံ စကြဝဠာအသင်းကြီးက ဖိတ်ကြားသော ဗုဒ္ဓဘာသာညီလာခံတွင် ထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးပေးခဲ့ရသည်။ ထိုညီလာခံတွင် ဗြိတိန်နိုင်ငံ လန်ကစ်စတာ တက္ကသိုလ်မှ ဗုဒ္ဓဘာသာကထိက ဒေါက်တာဟီရိုကိုကဝနမိနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ဟီရိုကိုကဝနမိက ဒေါ်တင်တင်စိန်ကို ဂျပန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် လှည့်လည်ပြီး သာသနာပြုပေးရန်မေတ္တာရပ်ခံကာ ကုန်ကျစရိတ်များအားလုံး ပံ့ပိုးပေးခဲ့သည်။

ဂျပန်နိုင်ငံတွင် တရားပြစဉ် ကားကုမ္ပဏီဥက္ကဋ္ဌ မစ္စတာယိုရှိအိုရှိရှိကုရှိသည် ဒေါ်တင်တင်စိန် တရားပြမှုအတိုင်း ယုံယုံကြည်ကြည် ကျင့်ကြံကြိုးကုတ်အားထုတ်သဖြင့် သူ၏နှလုံးရောဂါမှာ မယုံနိုင်လောက်အောင် ပျောက်ကင်းချမ်းသာသွားပြီး ထိုသတင်းသည် ဂျပန်တစ်နိုင်ငံလုံး ပျံ့နှံ့သွားသည်။

**ပြည်တွင်းသာသနာပြု ပညာဒါန**

မြန်မာနိုင်ငံတွင် ဒေါ်တင်တင်စိန် စဉ်ဆက်မပြတ်ဆောင်ရွက်သောလုပ်ငန်းတစ်ခုမှာ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ အင်္ဂလိပ်စာ သင်ကြားပေးခြင်းဖြစ်သည်။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မနောရမ္မပညာဒါန အင်္ဂလိပ်စာသင်ကျောင်းကြီးကို ဒေါ်တင်တင်စိန် ဖွင့်ပေးခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသို့ သာသနာပြုခရီးသွားရောက်ရမည့် ရဟန်းတော်များကို အင်္ဂလိပ်စာ သင်ပေးသည်။

ကမ္ဘာလှည့်၍ သာသနာပြုခြင်းကြောင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဒေါ်တင်တင်စိန်အား မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ကို နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။ တရားပြသောပုဂ္ဂိုလ်ထူး အာဇာနည်အမျိုးသမီးကြီးဖြစ်သည်။ ဒေါ်တင်တင်စိန်သည် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)၏ ကန်တော့ခံသက်ကြီးစာပေပညာရှင်လည်းဖြစ်ခဲ့သည်။ ကလောင်နာမည်မှာ ကမ္ဘာလှည့်တင်တင်စိန်ဖြစ်သည်။

ဆရာမကြီး၏ ၂၀၁၄ ခုနှစ်တွင်ထုတ်ဝေသော မြန်မာမှ ပထမဆုံးမော်တော်ဆိုင်ကယ်နှင့် ကမ္ဘာတစ်လွှား စွန့်စားခြင်းစာအုပ်ဖြစ်သည်။ ထိုစာအုပ်သည် ဆရာမကြီး ၁၉၅၅ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း မိုင်ပေါင်း ၅၀၀၀၀ ကျော်၊ နိုင်ငံပေါင်း ၃၁ နိုင်ငံကို လှည့်လည်ရာတွင် အသေးစိတ်ရေးမှတ်ထားသော ခရီးသွားမှတ်တမ်းဖြစ်သည်။

**ဘဝနိဂုံး**

ဆရာမကြီး ဒေါ်တင်တင်စိန်သည် ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် သီလရှင်ဝတ်ခဲ့ပြီး မြင်းခြံမြို့ ရှောက်ပင်ခြံတောရတွင် တရားအားထုတ်ခဲ့ရာ သီလရှင်ဆရာလေးဘွဲ့တော်မှာ ဓမ္မနန္ဒဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၉ ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သည်။

သာသနာပြုဆရာမကြီး ဒေါ်တင်တင်စိန်သည် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများထိ သွားရောက်သာသနာပြုခဲ့သော ဂုဏ်ယူဖွယ်မြန်မာအမျိုးသမီးတစ်ဦးအဖြစ် ရေးသားဖော်ပြလိုက်ပါသည်။

❖ မြန်မာနိုင်ငံတွင် ဒေါ်တင်တင်စိန် စဉ်ဆက်မပြတ်ဆောင်ရွက်သောလုပ်ငန်းတစ်ခုမှာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ အင်္ဂလိပ်စာ သင်ကြားပေးခြင်းဖြစ်သည်။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မနောရမ္မပညာဒါန အင်္ဂလိပ်စာသင်ကျောင်းကြီးကို ဒေါ်တင်တင်စိန် ဖွင့်ပေးခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသို့ သာသနာပြုခရီးသွားရောက်ရမည့် ရဟန်းတော်များကို အင်္ဂလိပ်စာသင်ပေးသည်။ ကမ္ဘာလှည့်၍ သာသနာပြုခြင်းကြောင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဒေါ်တင်တင်စိန်အား မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ကို နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။ တရားပြသော ပုဂ္ဂိုလ်ထူး အာဇာနည်အမျိုးသမီးကြီးဖြစ်သည်။ ❖

**ကိုးကား**

- **မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်၏ဘဝရုပ်ပုံလွှာ**
  **အောင်ကြည်ညွန့်(တက္ကသိုလ်)**

# သွားရောက်လည်ပတ်သင့်သော ကမ္ဘာပေါ်ကလှပသည့်နိုင်ငံများ အပိုင်း(၁)

နိုင်ဇင်


ကမ္ဘာပေါ်မှာ လှပတဲ့ရှုခင်းတွေ၊ မတူကွဲပြားတဲ့ယဉ်ကျေးမှုတွေ၊ ကမ္ဘာ့အံ့ဖွယ်တွေ၊ ရင်သပ်ရှုမောဖွယ်ရာကမ်းခြေတွေနဲ့ တောင်တန်းတွေ၊ သမိုင်းဝင်နေရာတွေ စတာတွေနဲ့ လူသားတွေကို လာရောက်လည်ပတ်ချင်အောင်ဆွဲဆောင်နေတဲ့ သဘာဝတရားအလှတွေနဲ့ ပြည့်နှက်နေတဲ့နိုင်ငံတွေများစွာရှိပါတယ်။ အဲဒီနိုင်ငံတွေထဲက ထင်ရှားတဲ့နိုင်ငံတွေကို ဖော်ပြရမယ်ဆိုရင် ဆွစ်ဇာလန်၊ နယူးဇီလန်၊ နော်ဝေ၊ အီတလီ၊ ကနေဒါ၊ ဂရိ၊ စကော့တလန်၊ ဩစတြေးလျ၊ ဂျပန်၊ စပိန်နိုင်ငံတွေပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံ ၁၀ နိုင်ငံထဲက ငါးနိုင်ငံအကြောင်းကို ဦးစွာဖော်ပြသွားပါ့မယ်။

**ဆွစ်ဇာလန်**



ဆွစ်ဇာလန်နိုင်ငံဟာ ဥရောပတိုက်ရဲ့အလယ်ဗဟိုမှာတည်ရှိပါတယ်။ အနှိုင်းမဲ့အလှတရားတွေပြည့်နေတဲ့ ဆွစ်ဇာလန်နိုင်ငံဟာ ဥရောပတိုက်မှာ သေးငယ်ပေမဲ့ ချစ်စရာကောင်းတဲ့နိုင်ငံလေးဖြစ်ပါတယ်။ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ဩစတြီးယား စတဲ့နိုင်ငံကြီးတွေက ဆွစ်ဇာလန်နိုင်ငံကို လေးဖက်လေးတန်ကနေ ခြံရံလျက်ရှိပြီး နိုင်ငံဟာ စက်ဝိုင်းခြမ်းပုံသဏ္ဌာန်ရှိကာ နိုင်ငံရဲ့သုံးပုံနှစ်ပုံကို အဲလ်ပ်တောင်ကုန်းတွေ ဝန်းရံထားတဲ့အတွက် တောင်တန်းဒေသလို့တောင်ဆိုနိုင်ပါတယ်။ ကျန်တဲ့ သုံးပုံတစ်ပုံကတော့ ကွန်စတန့်နဲ့ဂျနီဗာရေကန်ကြီးနှစ်ခုကြားမှာရှိတဲ့ မြေဩဇာကောင်းမွန်တဲ့မြေနိမ့်လွင်ပြင်တွေပဲဖြစ်ပါတယ်။ အဲဒီလိုနိုင်ငံကို တောင်တန်းတွေက ပတ်ပတ်လည်ဝန်းရံထားပါတယ်။ မက်တာဟွန်းမှာ တစ်နှစ်ပတ်လုံးနှင်းကျလို့ နှင်းလျှောစီးနိုင်တာတွေ၊ အီဂါတောင်တန်းကနေ သဘာဝဆန်တဲ့ကျေးလက်အလှကို ခံစားနိုင်တာတွေဟာ ခရီးသွားတွေကို ဆွဲဆောင်နေတဲ့အရာတွေပဲဖြစ်ပါတယ်။ ဒါ့ပြင် ဂျနီဗာရေကန်နဲ့ လူစီနီရေကန်ကြီးတွေလို ပြာလဲ့ပြီးကြည်လင်တောက်ပနေတဲ့ကန်တွေက ပတ်ဝန်းကျင်ရှိအဲလ်ပ်တောင်တန်းရဲ့အလှကို ရေထဲမှာထင်ဟပ်စေတဲ့အတွက် လှေစီးပြီးသဘာဝအလှကြည့်ရှုချင်သူတွေကို လက်ယပ်ခေါ်နေသလိုပင်ဖြစ်နေတဲ့အပြင် ဇူးရစ်နဲ့ဂျနီဗာတို့လို ခေတ်မီစွာနဲ့ ရိုးရာဓလေ့အသွင်အပြင်တွေ ရောနှောထားတဲ့မြို့တွေဟာလဲ လှေ့လာစရာတွေဖြစ်နေတဲ့အပြင် ဆွစ်ဇာလန်နိုင်ငံထုတ်နာရီတွေကြောင့်လဲ နာမည်ကြီးနေပါတယ်။ ခြုံငုံပြောရရင် ဆွစ်ဇာလန်နိုင်ငံဟာ ရှေးကျတဲ့အိမ်တွေ၊ နှင်းတောင်တန်းတွေ၊ ရေပြင်သဘာဝအလှ၊ ကုန်းမြေရဲ့ရှုခင်းအလှတွေနဲ့ တောရိုင်းပန်းတွေလှိုင်လှိုင်ပွင့်နေတဲ့မြက်ခင်းပြင်တွေကြောင့် ပုံပြင်ဆန်တဲ့ရှုခင်းအလှတွေနဲ့ ပြည့်နှက်နေတဲ့နိုင်ငံဖြစ်ပါတယ်။

**နယူးဇီလန်**



နယူးဇီလန်နိုင်ငံဟာ လှပတဲ့ကမ်းခြေတွေ၊ နှင်းဖုံးနေတဲ့ရှုခင်းအမျိုးမျိုးတွေနဲ့ လာရောက်သူတွေကို ဆွဲဆောင်နိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာရဲ့ အနောက်တောင်ဘက်ပိုင်းမှာရှိတဲ့ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ နယူးဇီလန်ကို အစကနဦးနေထိုင်သူ မောင်အိုရီလူမျိုးတွေက Aotearoa လို့ အမည်ပေးထားပြီး ရှည်လျားတဲ့တိမ်ဖြူတွေရှိတဲ့မြေလို့ အဓိပ္ပာယ်ရပါတယ်။ ဒါ့ပြင် ဩစတြေးလျနိုင်ငံနဲ့ တက်စ်မန်ပင်လယ်ပဲခြားပြီး ပစိဖိတ်သမုဒ္ဒရာအနောက်တောင်ဘက်မှာ ကပ်လျက်တည်ရှိတဲ့ နယူးဇီလန်နိုင်ငံရဲ့ မြောက်ဘက်အနီးဆုံးအိမ်နီးချင်းနိုင်ငံတွေကတော့ နယူးကယ်လီဒိုးနီးယား၊ ဖီဂျီနဲ့ တွန်ဂါတွေဖြစ်ပါတယ်။ ဒါ့ပြင် Milford Soundလို ထင်ရှားပြီး မြင့်မားတဲ့ချောက်ကမ်းပါးတွေရှိတဲ့ Fiord Land အမျိုးသားဥယျာဉ်ထဲမှာ အရှိန်အဟုန်နဲ့ရေတသွင်သွင်စီးဆင်းနေတဲ့ရေတံခွန်တွေဟာလဲ ရင်သပ်ရှုမောဖွယ်ရာဖြစ်နေပြီး Rotoruaမြို့မှာရှိတဲ့ ကျန်းမာရေးအတွက်အလွန်ကောင်းတဲ့ သဘာဝရေပူစမ်းကြောင့်လဲ လူသိများတာလို့ဆိုနိုင်ပါတယ်။ အော့ကလန်မက်ထရိုပိုလစ်တန်ဒေသမှာရှိတဲ့ နာမည်ကျော် Sky Tower ရဲ့ခမ်းနားလှပမှု၊ ရင်သပ်ရှုမောဖွယ်ရာတည်ဆောက်ထားတဲ့ပြဇာတ်ရုံတွေ၊ ပြတိုက်တွေ၊ ဝယ်လင်တန်မြို့ရဲ့ ထူးကဲအရသာရှိတဲ့အစားအစာတွေဟာ ဆန်းသစ်တီထွင်မှုနဲ့ ယဉ်ကျေးမှုကို ပေါင်းစပ်ထားတာတွေဖြစ်ပြီး နိုင်ငံရဲ့မာအိုရီယဉ်ကျေးမှုရဲ့ဓလေ့ထုံးတမ်းတွေ၊ သပ်သပ်ရပ်ရပ်နဲ့ လက်ရာမြောက်တဲ့အနုပညာလက်ရာတွေ၊ ဒေသခံတွေရဲ့ဧည့်ဝတ်ကျေပွန်မှု၊ ကော်ရိုမန်ဒဲကျွန်းဆွယ်ရဲ့ ရွှေရောင်သန်းနေတဲ့သောင်ပြင်တွေ၊ တောက်ပနေတဲ့ဝိတ်တိုမို့ဂူ၊ အမျိုးသားဥယျာဉ်တွေ၊ အဏ္ဏဝါဘေးမဲ့တောတွေ စတာတွေကြောင့် နယူးဇီလန်နိုင်ငံဟာ လည်ပတ်သင့်တဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်လာတာလို့ဆိုရမှာပဲဖြစ်ပါတယ်။

**နော်ဝေ**



နော်ဝေနိုင်ငံရဲ့ ရင်သပ်ရှုမောဖွယ်ရာကမ်းရိုးတန်းတွေ၊ မြင့်မားတဲ့တောင်တန်းတွေ၊ ထူးခြားဆန်းပြားစွာတောက်ပနေတဲ့ကောင်းကင်ယံက မြောက်ပိုင်းအလင်းရောင်တွေကြောင့် အိပ်မက်နိုင်ငံလို့တင်စားရလောက်အောင် လှပတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြင့်မားတဲ့ချောက်ကမ်းပါးတွေ၊ စိမ်းလန်းစိုပြည်တဲ့ချိုင့်ဝှမ်းတွေကြားမှာ တည်ရှိတဲ့နော်ဝေနိုင်ငံရဲ့အနောက်ဘက်မှာ Geirangerfjord နဲ့ Nærøyfjord တွေလို မတ်စောက်တဲ့တောင်ကမ်းပါးတွေရှိပြီး အဲဒီကမ်းပါးတွေကနိုင်ငံအတွက် သဘာဝအကာအရံနံရံတွေလိုဖြစ်ကာ ရေခဲမြစ်တွေရဲ့ ကဗျာဆန်မှုကလဲ ဆွဲဆောင်မှုတစ်ခုလိုဖြစ်နေပါတယ်။ နော်ဝေရှိ လိုဖိုတန်ကျွန်းစုတွေမှာ ငါးဖမ်းလုပ်သားတွေနေထိုင်တဲ့တံငါရွာလေးတွေ ဟိုတစ်စုဒီတစ်စုတွေ့ရတာကလဲ သဘာဝဆန်ဆန်လှပနေတဲ့အလှတရားတွေပဲဖြစ်ပါတယ်။ အာတိတ်စက်ဝိုင်းမှာသာ မြင်တွေ့ရတဲ့ ညကောင်းကင်ယံမှာ လှပစွာတောက်ပထွန်းလင်းနေတဲ့အလင်းရောင်တွေ၊ မြို့တော်အော်စလိုရဲ့ ရှေးခေတ်ဗိသုကာလက်ရာတွေနဲ့ ခေတ်သစ်ဗိသုကာလက်ရာတွေကို ကျွမ်းကျင်စွာ ပေါင်းစပ်ထားတဲ့ယဉ်ကျေးမှုအမွေအနှစ်တွေဟာ လေ့လာလို့မဆုံးတဲ့အရာတွေပဲဖြစ်ပါတယ်။

**အီတလီ**

အီတလီနိုင်ငံဟာ ဥရောပတောင်ဘက်အလယ်ပိုင်းမှာ တည်ရှိတဲ့နိုင်ငံဖြစ်ပြီး မြောက်ဘက်မှာ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံနဲ့ ဆလိုဗေးနီးယားနိုင်ငံတွေရှိပြီး တောင်ဘက်မှာတော့ အီတလီကျွန်းဆွယ်၊ မြေထဲပင်လယ်မှာ အကြီးဆုံးကျွန်းနှစ်ကျွန်းဖြစ်တဲ့



စစ္စလီကျွန်းနဲ့ ဆာဒီးနီးယားကျွန်းတွေအပြင် တခြားကျွန်းငယ်ပေါင်းမြောက်မြားစွာရှိပါတယ်။ အီတလီနိုင်ငံဟာ မြေထဲပင်လယ်ရဲ့အလယ်မှာတည်ရှိပြီး သူ့ရဲ့ဖိနပ်ပုံသဏ္ဌာန်ကျွန်းဆွယ်မှာတွေ့ရတဲ့မတူညီတဲ့ရှုခင်းတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ကိုလော့စီယမ်အမိုးဖွင့်ဇာတ်ရုံကလွှင့်ပျံလာတဲ့ဂီတသံတွေ၊ ရောမမြို့ဟောင်းရှိမန်ဖိုရမ်က ဖော်ကျူးနေတဲ့ ရှေးကေရာဇ်မင်းတွေရဲ့ရာဇဝင်တွေနဲ့ ထုံမွမ်းထားတာကြောင့် အီတလီကို အနုပညာလွှမ်းခြုံထားတဲ့မြို့လို့ဆိုကြပြီး ခရီးသွားသူတွေရဲ့အာရုံကိုဖမ်းစားနိုင်နေတာဖြစ်ပါတယ်။ ဒါ့ပြင် ဗင်းနစ်မြို့ရဲ့အကွေ့အကောက်တွေများတဲ့လမ်းကြားတွေ၊ အီတလီနိုင်ငံရဲ့ရှေးအကျဆုံးရီရယ်လ်တိုတံတားနဲ့ စိန့်မာ့ခ်ဗာစီလီကာဘုရားကျောင်း၊ အီတလီရဲ့နာမည်ကြီး အီတလီခေါက်ဆွဲ၊ ပီဇာ၊ လှပတဲ့ရှုခင်းတွေနဲ့ သာယာလှပနေတဲ့တပ်စ်ကန်ကျေးရွာ၊ အဲဒီကျေးရွာကထွက်တဲ့ စပျစ်ဝိုင်တွေကြောင့် အီတလီဟာ နိုင်ငံခြားသားခရီးသွားတွေကြားမှာ နာမည်ကျော်ပြီး လေ့လာလည်ပတ်စရာနေရာအနေနဲ့သတ်မှတ်ကြတာပဲဖြစ်ပါတယ်။

**ကနေဒါ**



ကနေဒါနိုင်ငံဟာလဲ သဘာဝအလှတရားတွေ၊ ခေတ်မီမြို့တွေနဲ့ ဖော်ရွေတဲ့ဒေသခံတွေကြောင့် ခရီးသွားတွေကြား ရေပန်းစားနေတဲ့ လည်ပတ်သင့်တဲ့နိုင်ငံထဲက တစ်နိုင်ငံအဖြစ်စာရင်းဝင်လာတာဖြစ်ပါတယ်။ ရော့ကီးတောင်တန်းတွေရဲ့ရှုခင်းတွေ၊ ကန္တာရအလှတရား၊ အတ္တလန္တိတ်နဲ့ပစိဖိတ်သမုဒ္ဒရာတွေရဲ့ ကမ်းရိုးတန်းအလှတွေ၊ လေ့လာစရာတွေများတဲ့Banff အမျိုးသားဥယျာဉ်၊ ကြည်လင်နေတဲ့ရေကန်တွေ၊ မြင့်မားတဲ့တောင်ထွတ်တွေနဲ့လွတ်လပ်စွာကျက်စားကြတဲ့ဇီဝမျိုးစုံမျိုးကွဲတွေ၊ ရေတံခွန်ကကျတဲ့ရေရဲ့အရှိန်ပြင်းတာကြောင့် မိုးခြိမ်းသံအလားကြားနေရတဲ့ နိုင်အာဂရာရေတံခွန်၊ လှပတဲ့ဆိပ်ကမ်းမြို့ဖြစ်တဲ့ဗန်ကူးဗားနဲ့ နောက်ခံတောင်တန်းတွေပေါင်းစပ်ထားတဲ့ရှုခင်းအလှ၊ ကနေဒါရဲ့အကြီးဆုံးနဲ့ စီးပွားရေးမြို့ဖြစ်တဲ့တိုရွန်တိုရှိရဲ့အလှတွေအပြင် ကနေဒါဒေသခံတွေရဲ့ကြင်နာမှုနဲ့ ပွင့်လင်းဖော်ရွေမှု၊ မတူညီတဲ့လူမျိုးပေါင်းများစွာအတူတကွယှဉ်တွဲပေါင်းစည်းနေထိုင်မှုတွေကြောင့် ကနေဒါဟာ ခရီးသွားတွေ လည်ပတ်ဖို့နိုင်ငံတွေထဲက တစ်ခုဖြစ်လာတာဖြစ်ပါတယ်။

**ကိုးကား**

- Beautiful Countries in World
- Countries in World You Must Visit in 2024

# မက္ကဆီကိုနိုင်ငံတွင် ပိုပိုကက်တီပက်တယ်မီးတောင်မှ မီးခိုးနှင့်ပြာများထုတ်လွှတ်မှုကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ် ၂၂ ခု ရပ်ဆိုင်းထားရ



**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၈**

မက္ကဆီကိုနိုင်ငံ မြို့တော် မက္ကဆီကိုစီးတီးမြို့အနီးရှိ ပိုပိုကက်တီပက်တယ်မီးတောင်မှ မီးခိုးနှင့်ပြာများထုတ်လွှတ်နေမှုကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ် ၂၂ ခုကို ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ရပ်ဆိုင်းထားရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

မက္ကဆီကိုစီးတီးမြို့တော်နှင့် ၄၃ ဒသမ ၅ မိုင်အကွာတွင်တည်ရှိသော မက္ကဆီကိုနိုင်ငံ၏ လှုပ်ရှားတက်ကြွမှုအရှိဆုံး မီးတောင်တစ်ခုဖြစ်သည့် ပိုပိုကက်တီပက်တယ်မီးတောင်သည် လွန်ခဲ့သောသီတင်းပတ်မှစတင်၍ နေ့စဉ်နှစ်ကြိမ်မှ သုံးကြိမ်ထိ ပေါက်ကွဲမှုအသေးစားများဖြစ်ပေါ်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းမှစ၍ မီးတောင်မှ တစ်မိုင်ကျော်ကွာဝေးသည်ထိ မီးခိုးနှင့်ပြာများ မှုတ်ထုတ်နေမှုကြောင့် တာဝန်ရှိသူများက မီးတောင်ဆိုင်ရာ အဝါရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မီးတောင်အန္တရာယ်ဇုန်အတွင်း နေထိုင်သူများအနေဖြင့် လိုအပ်ပါက အမြန်ဆုံးထွက်ခွာနိုင်ရေး ပြင်ဆင်ထားရန်လိုအပ်ပြီး မီးတောင်ပြာများမှာ ယခုလက်ရှိတွင် မက္ကဆီကို ပင်လယ်ကွေ့ဘက်သို့ ဦးတည်ရွေ့လျားနေကာ မြို့တော်ဘက်သို့ပါ ရွေ့လျားလာနိုင်သည်ဟု အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အမြင့် ၁၇၉၉၃ ပေမြင့်သော ပိုပိုကက်တီပက်တယ် မီးတောင်သည် ၂၀၂၃ ခုနှစ် မေ ၁၈ ရက်က နောက်ဆုံးအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးပြီး ထိုစဉ်ကလည်း မက္ကဆီကိုစီးတီးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုပိတ်ထားခဲ့ရသကဲ့သို့ စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ပြင်သစ်နိုင်ငံမြောက်ဘက်ပိုင်းတွင် လေးလအတွင်း ငါးကြိမ်မြောက် ရေကြီးရေလျှံမှုဖြစ်ပွား

**ပဲရစ် ဖေဖော်ဝါရီ ၂၈**

ပြင်သစ်နိုင်ငံ မြောက်ဘက်ပိုင်း ပက်စ်ဒီကာလိုက်စ်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းကာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလထိ လေးလအတွင်း ဖေဖော်ဝါရီ ၂၆ ရက်က ငါးကြိမ်မြောက် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများ အရ သိရသည်။

ရေကြီးရေလျှံမှု ပြဿနာဖြင့် အဓိကရင်ဆိုင်နေရသည့် ဧရိယာမှာ ပက်စ်ဒီကာလိုက်စ်နယ်မြေဖြစ်ပြီး နေအိမ်အမြောက်အမြား ရေလွှမ်းမိုးဒဏ်ခံနေရကြောင်း၊ ပက်စ်ဒီကာလိုက်စ်နယ်မြေ ရေကြီးရေလျှံမှုအန္တရာယ်ကို လိမ္မော်ရောင်အဆင့်အဖြစ်သတ်မှတ်ထားပြီး အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့်အဆင့်ဖြစ်ကြောင်း ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပက်စ်ဒီကာလိုက်စ်နယ်မြေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပြီးတော့ လေးလအတွင်း ငါးကြိမ်မြောက် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုပမာဏကိုတော့ လိမ္မော်ရောင်အဆင့်အဖြစ်သတ်မှတ်ထားပါတယ်။ ရေဘေးအန္တရာယ်အဆိုးရွားဆုံးဖြစ်ပေါ်နေတဲ့ဒေသကတော့ ဘောတက်စ်ကျေးလက်ဒေသဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဟာ သယ်ယူပို့ဆောင်ရေးကဏ္ဍကို အဓိက ထိခိုက်စေပြီးတော့ လမ်းမကြီးတချို့ကို ယာယီ ပိတ်ထားရပါတယ်"ဟု ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပက်စ်ဒီကာလိုက်စ်နယ်မြေတွင် ရေကြီးရေလျှံမှုကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ယာယီရပ်ဆိုင်းထားရပြီး လမ်းမကြီးများကို အသုံးမပြုရန်လည်း သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းက ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်ဧရိယာတွင် ရေစုပ်စက်များဖြင့် မြစ်ချောင်းများအတွင်းသို့ ရေစုပ်ထုတ်ပေးလျက်ရှိနေသော်လည်း ရေကြီးရေလျှံမှုအခြေအနေဆိုးရွားသည့်အတွက် မြစ်ချောင်းများအတွင်း ရေစုပ်စက်များဖြင့် ရေလွှဲပေးရာတွင် အခက်အခဲများရှိနေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပက်စ်ဒီကာလိုက်စ်နယ်မြေတွင် ရေဘေးဒဏ်သင့်နေသည့် နေအိမ်အမြောက်အမြားရှိနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အီရတ်နိုင်ငံမြောက်ဘက်ပိုင်းရှိ စိုက်ပျိုးမြေများအတွက် အဓိကအားထားနေရသည့် ရေဧရိယာအတွင်း ရေနံယိုစိမ့်မှုကြောင့် တောင်သူများ အခက်တွေ့နေ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈**

အီရတ်နိုင်ငံ မြောက်ဘက်ပိုင်း ဆာလာဟက်ဒင်စီရင်စုရှိ စိုက်ပျိုးမြေများအတွက် အဓိကအားထားနေရသည့်ရေဧရိယာတွင် ရေနံယိုစိမ့်မှု ဖြစ်ပေါ်နေသောကြောင့် တောင်သူများ အခက်တွေ့နေကြောင်း ဆာလာဟက်ဒင်စီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါရေနံယိုစိမ့်မှုသည် စိုက်ပျိုးမြေများကို ပျက်စီးစေနိုင်သည့်အတွက် တောင်သူများက စိုးရိမ်ပူပန်နေပြီး ဆာလာဟက်ဒင်စီရင်စုအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ရှင်းလင်းသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ လက်ရှိကာလသည် စိုက်ပျိုးမြေများတွင် မျိုးစေ့များကြဲထားသည့်ကာလဖြစ်ပြီး ရေနံရောနှောပါဝင်နေသည့် ရေများအသုံးပြုမိသည့်စိုက်ပျိုးမြေများတွင် ကြဲထားသောမျိုးစေ့များ အပင်ပေါက်နိုင်ဖွယ် မရှိတော့သည့်အတွက် တောင်သူများစိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း သိရသည်။



"ဒီကာလက မျိုးကြဲထားတဲ့ကာလဖြစ်ပါတယ်။ စိုက်ခင်းတွေအတွက်အားထားရတဲ့ ရေဧရိယာအတွင်း ရေနံယိုစိမ့်မှုတွေ ဖြစ်ပေါ်နေတာဟာ စိုက်ခင်းတွေအတွက် ပြဿနာရှိလာနိုင်ပါတယ်။ ရေနံတွေရောနှောနေတဲ့ရေတွေကြောင့် စိုက်ခင်းတွေပျက်စီးသွားနိုင်တယ်။ ကြဲထားတဲ့မျိုးစေ့တွေ အလကားဖြစ်သွားပြီ။ ရေနံတွေပျံ့နှံ့နေတဲ့စိုက်ပျိုးမြေတွေလဲ ဘယ်လိုမှသုံးလို့မရတဲ့ မြေတွေဖြစ်သွားပြီ"ဟု ဆာလာဟက်ဒင်စီရင်စုမှ အက်ဘ်ဒယ်မာဂျစ်အမည်ရှိ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

စိုက်ပျိုးမြေများကို ဖြတ်ကာ ရေနံပိုက်လိုင်းများ သွယ်တန်းထားမှုကို တောင်သူများက အပြစ်တင်ဝေဖန်နေပြီး အစိုးရအနေဖြင့် စိုက်ပျိုးမြေများတွင် သွယ်တန်းထားသောရေနံပိုက်လိုင်းများကို ရွှေ့ပြောင်းပေးရေးအတွက် ယခင်က တောင်းဆိုမှု ပြုလုပ်ခဲ့ဖူးကြောင်း အက်ဘ်ဒယ်မာဂျစ်အမည်ရှိ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အီသီယိုးပီးယားနိုင်ငံ မိုးခေါင်ရေရှားဒေသများအတွက် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၁၇ သန်းပံ့ပိုး

**အဒစ်အာဘာဘာ ဖေဖော်ဝါရီ ၂၈**

အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်း မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေသည့်ဒေသများအတွက် ဝင်မွတ်ခေါင်းပါးမှုအခြေအနေများ လျော့ပါးစေရန် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၁၇ သန်း ပံ့ပိုးပေးထားကြောင်း ကုလသမဂ္ဂမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့က ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်းတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေသည့် အာဖာ၊ အာမရာနှင့် တီဂရေးဒေသများအတွက် ဇဟိုအရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေမှ ပံ့ပိုးပေးထားသော အမေရိကန်ဒေါ်လာ ၁၇ သန်းသည် အဆိုပါဒေသများအတွက် အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုကြောင့် လာမည့်လများအတွင်း အီသီယိုးပီးယားနိုင်ငံတွင် အစားအစာမလုံလောက်မှုပိုမိုတိုးမြင့်လာမည့်အခြေအနေတွင်ရှိနေပြီး မိုးခေါင်ရေရှားမှုပိုမိုဆိုးရွားလာသည်နှင့်အမျှ နိုင်ငံတစ်ဝန်းရှိ လူဦးရေ ၁၀ သန်းကျော်သည် ယခုနှစ်ဇူလိုင်လမှ စက်တင်ဘာလအတွင်း အစားအစာလိုအပ်ချက် ပိုမိုမြင့်မားလာနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံအစိုးရ၏ ကြိုးပမ်းမှုများကြောင့် နိုင်ငံအတွင်းရှိ လူဦးရေ ၆ ဒသမ ၆ သန်းအတွက် စားနပ်ရိက္ခာနှင့်ငွေသားအကူအညီများရရှိထားသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်ရေး ပြည်နယ်မီးသတ်တပ်ဖွဲ့နှင့် လေတပ်တို့ ပူးပေါင်းဆောင်ရွက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဝက်စ်မိုနူမန့်ခရိခ်နယ်မြေတွင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့သောကြောင့် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် ကော်လိုရာဒိုပြည်နယ်မီးသတ်တပ်ဖွဲ့နှင့် အမေရိကန်လေတပ်တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း ကော်လိုရာဒိုပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာသို့ မြေပြင်မှ မီးသတ်ကားများဖြင့် သွားရောက်ငြိမ်းသတ်ရန်ခက်ခဲသည့်အတွက် အမေရိကန်လေတပ်အကူအညီကို တောင်းခံခဲ့ရပြီး လေကြောင်းအကူအညီဖြင့် ငြိမ်းသတ်နိုင်ရန်ကြိုးပမ်းနေကြောင်း ကော်လိုရာဒိုပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဝက်စ်မိုနူမန့်ခရိခ်နယ်မြေမှာ လောင်ကျွမ်းနေတဲ့ တောမီးကို လေကြောင်းကနေ ငြိမ်းသတ်နေပေမဲ့ ရာနှုန်းပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေတယ်။ နေရာတချို့မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။ လာမဲ့ရက်ပိုင်းအတွင်းမှာတော့ တောမီးကို ထိန်းချုပ်နိုင်ဖွယ်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့တော့ အကောင်းဆုံး ကြိုးစားပေးနေပါတယ်"ဟု အမေရိကန်လေတပ်အကယ်ဒမီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ








## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
## ဒုတိယအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (၁)နှစ်အတွက် အောက်ပါအခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့်လိုင်စင်များကို ဒုတိယအကြိမ် အိတ်ဖွင့်လေလံရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင် ရောင်းချမည့်ရက် | နေရာ/ အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၄၄)နေရာ | ၁၄-၃-၂၀၂၄ | (၆)ထပ်ဆောင် (၅)လွှာအစည်းအဝေးခန်းမ နံနက် ၁၀း၀၀ နာရီ |
| (ခ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့် (၃၃)နေရာ | ၁၅-၃-၂၀၂၄ | |
| (ဂ) | မန္တလေးဆိပ်ကမ်းခွန်(ယာဉ်ရပ်နားနှင့်လမ်းဘေးဈေးကောက် ကောက်ခံခွင့်(၁)နေရာ | ၁၅-၃-၂၀၂၄ | ॥ |
| (ဃ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၂)နေရာ | ၁၅-၃-၂၀၂၄ | ॥ |
| (င) | မန္တလေး(၆)မြို့နယ်လမ်းဘေး ဈေးကောက်ကောက်ခံခွင့်(၆)နေရာ | ၁၅-၃-၂၀၂၄ | ॥ |
| (စ) | အဆောက်အဦငှားရမ်းလုပ်ကိုင်ခွင့် (၁)နေရာ | ၁၅-၃-၂၀၂၄ | ॥ |

၂။ အထက်ဖော်ပြပါလုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်ယူသူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် သတ်မှတ်ထားသည့်လျှောက်လွှာကြေးပေးသွင်း၍ ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသော လေလံစည်းကမ်းများနှင့်အညီ ပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%)စားပွဲတင်စပေါ်ငွေကို လေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာရောင်းချမှုနှင့် စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၁၁-၃-၂၀၂၄)ရက်နေ့ (၁၃း၀၀)နာရီဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၄၁၀၃၇၈၈၉၊ ၀၉-၄၅၄ ၁၆၄၄၉၉၊ ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃) နှင့် ၀၉-၄၀၂၅၃၁၁၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


မြင့်မေတ္တာဆေးတိုက်
**ရေသင်း (သမင်ဖြူ)**
LEUCODERMA
ရေသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။



**သင့်သေချာမြင့်**
**အသက်ကယ်ပါ**


### "အဂတိပယ်ရှား ပြည်သာယာ"
### Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စီးပွားရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေး အခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း အောင်မြင်စွာဆောင်ရွက်ပြီးစီး




**ရန်ကုန် ဖေဖော်ဝါရီ ၂၈** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ တက်ရောက်ပညာသင်ကြားနေသော အရာရှိလောင်းများသည် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်ထိ တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ချင်းတွင်း)ဖြင့် ရန်ကုန်-ကိုကိုးကျွန်း-ဟိုင်းကြီးကျွန်း-ရန်ကုန်ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း ခရီးစဉ်(Sea Training) ဆောင်ရွက်ခဲ့ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁☆

**PDF အမည်ခံ အကြမ်းဖက်သမားများက ထားဝယ်နည်းပညာတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်အပါအဝင် သုံးဦးကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၂၃

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်ကိုရိုးတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးများစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com